ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃ရဂ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက် ၊ သောကြာနေ့ ၊ (10-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၃)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဧေဟာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ

စာမျက်နှာ ၁၇ ကော်လံ ၂ မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား လက်ခံတွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနား တက်ရောက်

စာမျက်နှာ - ၁၆

ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်

အယ်ဒီတာ့အာဘော်

နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြစေလို

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည် အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပေသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားတွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျကျတည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေသည့် စစ်မဟာဗျူဟာကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၇) ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၄) ထိ လည်း သင်တန်းဆင်းနိုင်ခဲ့ပြီး နိုင်ငံ့သားကောင်းစစ်သည်များကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

စစ်မှုထမ်းခြင်းမှ ရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့် အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကောင်းမွန်သောလုပ်ငန်းစဉ်တစ်ခုပင်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ်ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်းတစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာ ပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၇၉ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ ၂၆(၂)နှင့်နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/နငသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)နှင့်ပုံစံ(၄-ခ)တို့ပူးတွဲ၍ တောင်းဆိုလွှာပုံစံ(၃)ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဗုဒ္ဓပူဇနီယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၂၂၀၀ ကို ဆွမ်းသပိတ် လောင်းလှူပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၉

ရတနာပုံ မန္တလေးမြို့တည် နန်းတည် ပဋ္ဌမသင်္ဂီယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး တည်ထားတော်မူခဲ့သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ၁၃၅ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၂၂၀၀ အား သံဃဒါနဆွမ်းသပိတ်လောင်းလှူပွဲကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရင်ပြင်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဘုရားဖူးဒကာ/ဒကာမများ တက်ရောက်ကြည်ညိုလောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော် အင်္ဂါထောင့်တွင် သံဃဒါနဆွမ်းသပိတ်များ လောင်းလှူကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များကို ဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုဒွေများ ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များကို သံဃဒါနဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုခဲ့ကြပြီး ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးမည်

တမူး အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းစုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း ဆီမုန်ညင်းနဲ့ပန်းနှမ်း စုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဆီမုန်ညင်းဧက ၃၀၀၀၊ ပန်းနှမ်း ဧက ၁၃၀၊ တမူးမြို့နယ်တွင် ဆီမုန်ညင်းဧက ၄၈၇၀၊ ပန်းနှမ်းဧက ၂၂၀၊ ခါမ်းပတ်မြို့တွင် ဆီမုန်ညင်းဧက ၁၀၅၀၊ ပန်းနှမ်းဧက ၅၀ စုစုပေါင်းဧက ၉၃၂၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးမှုကို ကသာနှင့် ကောလင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖုလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်ကွင်းသစ်ဖွင့်ပွဲနှင့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ်အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစား ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ဘော်လီဘောလေ့ကျင့်ရေးကွင်း မန်းအောင်ဆွေလင်းဘော်လီဘော ကလပ်ကွင်းသစ်ဖွင့်ပွဲနှင့် အဆင့်မြင့်အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် ၁၄ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားရှိ မန်းအောင်ဆွေလင်း ဘော်လီဘောကလပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူး၊ ဘော်လီဘော မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းကြီးများ၊ အုပ်ချုပ်သူ/နည်းပြများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဘော်လီဘော အားကစားနည်းသည် နေရာဒေသမရွေး ကစားနိုင်ပြီး အဖွဲ့လိုက် ကစားရသည့် အားကစားနည်း တစ်ခုဖြစ်ကြောင်း၊ ဘောလုံး အားကစားပြီးပါက ဒုတိယလူကြိုက်များသည့် အားကစားလည်း ဖြစ်ကြောင်း၊ ပြိုင်ပွဲများကိုကျင်းပ ပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်ရွက်ပုန်းသီး ဘော်လီဘောအားကစားမျိုးဆက်သစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ပြိုင်ပွဲဝင်အားကစား အသင်းအလိုက် လိုက်လံနှုတ်ဆက်၍ ပွဲဦးထွက်ကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၃ ဘီ၊ ၇၃ လမ်းx ၇၄ လမ်းကြားနေ ဒေါ်လွဲ့လွဲ့ဝင်း၊ သား မောင်တင့်နိုင်ဝင်းမိသားစုက ဖခင် ဦးဝင်းနိုင်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူ ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးမည်

မုံရွာ အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၃၁ ဧက၊ ကနီမြို့နယ်တွင် ၂၂၉ ဧက၊ ပုလဲမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၅၈၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်အထွက်နှုန်းကောင်းမွန်ရန်၊ ဈေးကွက်ရရှိရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖုံးလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

မလှိုင်မြို့နယ် ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နတ်စဉ်ကုန်းအုပ်စု ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယား ပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံသစ်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၄၅ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၅သန်းထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့လအတွင်းက ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ကျိုက်လတ်မြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကောက်ညှင်းစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းလာတာ ဖြစ်တယ်။ ပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို ကောက်ညှင်းစပါးက အဝယ်လိုက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

မဟုတ်မမှန် လုပ်ကြံလီဆယ်သူတို့ရဲ့အန္တရာယ်နဲ့ တုံ့ပြန်မှုရလဒ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ... မဟုတ်မမှန် လုပ်ကြံလီဆယ် တိုင်ကြားတဲ့ မှုခင်းဖြစ်ရပ်တွေကို မင်းက မှုခင်း အယ်ဒီတာဆိုတော့ သိနေမှာပေါ့နော်။ တို့နားလည် အောင်ရှင်းပြပါလားကွာ"

"အေးပါကွာ။ ငါကြံဖူးသမျှကိုတော့ ပြောပြမှာပါ။ မင်းနားလည်အောင် ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၈၂ နဲ့ ပုဒ်မ ၂၁၁ ကို ရှင်းပြမယ်။ ပထမဆုံးပုဒ်မ ၁၈၂ အကြောင်းကို ရှင်းမပြခင်မှာ ပုဒ်မ ၁၈၂ နဲ့ငြိစွန်းခဲ့တဲ့ ဖြစ်ရပ်မှန် မှုခင်းတစ်ခုကို ပြောပြမယ်။

"မြစ်သားမြို့နယ် (xx) ရပ်ကွက်မှာ နေတဲ့ (နာမည်လွဲ)မလှလှက သူ့ရဲ့ရည်းစား(နာမည်လွဲ) မောင်ဘဟာ သူနဲ့ချိန်းတွေ့တဲ့ စမာမြောင်းပေါင် ဘေးချုံအနီးမှာ သူ့ကိုအတင်းအဓမ္မ သားမယားအဖြစ် ပြုကျင့်ခဲ့ပါတယ်လို့ မြစ်သားရဲစခန်းမှာ လာရောက်တိုင်ကြားခဲ့တယ်။ မြစ်သားရဲစခန်းက လဲ (ပ)၂၀၇/၂၀၀၅၊ ပုဒ်မ ၃၇၆ နဲ့ အမှုဖွင့်စစ်ဆေးပြီး တရားရုံးကို တင်ခဲ့တယ်။ တရားရုံးရောက်တော့မှ မလှလှက အမှုကိုကျေအေးပြီး ရုပ်သိမ်းလွှာတင်ခဲ့ တယ်။ ဒီတော့ကာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(ခ)အရ စွဲချက်မတင်မီ စွပ်စွဲခံရသူ (နာမည်လွဲ) မောင်ဘကို အမှုမှ လွှတ်ပေးခဲ့တယ်။

"နောက်ပိုင်းမှာ ရဲတပ်ဖွဲ့က အသေးစိတ်လိုက်လံ စုံစမ်းလိုက်တော့ တရားလို မလှလှဟာ တစ်စုံ တစ်ခုခုကို အကြောင်းပြုပြီး လိုချင်တပ်မက်မျှော်လင့် ချက်နဲ့ မဟုတ်မမှန်လုပ်ကြံသတင်းပေးပြီး အမှုဖွင့် တိုင်တန်းကြောင်း ပေါ်လွင်လာလို့ တရားရုံးကို ဆက်လက်တင်ပြခဲ့တယ်။ ဒီတော့ကာ တရားရုံးက မလှလှကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ အရ ဒဏ်ငွေ ၁၀၀၀/- ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်နိုင်ရင် ထောင်ဒဏ် တစ်လကျခံစေလို့ပြစ်ဒဏ်ချမှတ်ခဲ့တယ်။

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၂ မှာ ပြဋ္ဌာန်း ထားတာက-

"လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ သို့တည်းမဟုတ် စိတ်ငြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ဥပဒေအရ အာဏာကို အသုံးပြုစေရန်ကြံရွယ်၍သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း မိမိသိသော သို့တည်း မဟုတ် မိမိယုံကြည်သောသတင်းကို ပေးလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"လို့ ပြဋ္ဌာန်းထားတယ်ကွ"

"မင်းတို့လို ဥပဒေနားမယဉ်သူတွေကို အရပ်စကားနဲ့ရှင်းပြရမယ်ဆိုရင် မောင်အေဟာ ဌာနဆိုင်ရာဝန်ထမ်း မောင်ဘီ အလုပ်ပြုတ်စေလိုတဲ့ဆန္ဒနဲ့ မောင်ဘီဟာ တာဝန်မကျေပွန်ကြောင်း၊ အကျင့်စာရိတ္တ ပျက်ပြားနေကြောင်း၊ မဟုတ်မမှန် လိမ်ညာပြီး သတင်းပေးလို့စစ်ဆေးလိုက်တဲ့အခါ လုပ်ကြံစွပ်စွဲတာ ပေါ်ပေါက်သွားရင် မောင်အေကို ပုဒ်မ ၁၈၂ နဲ့ အမှုဖွင့် အရေးယူ အပြစ်ပေးနိုင်တယ်ကွ။

"နောက်ဥပမာတစ်ခုကတော့ မောင်မဲဟာ မောင်ဖြူကို မနာလိုမရှုဆိတ်တဲ့အပြင် အငြိုးအာဃာတ စိတ်ဓာတ်နဲ့ ယုတ်ပတ်လုပ်ကြံလီဆယ်ခဲ့ တယ်။ ဥပဒေအရ တားမြစ်ထားတဲ့ မူးယစ်ဆေးဝါး တွေကို မောင်ဖြူရဲ့အိမ်မှာ သိုလှောင်ထားပါတယ်။ ဒါကြောင့် မောင်ဖြူရဲ့အိမ်ကို ရှာဖွေကြဖို့ ပြည်သူ့ ဝန်ထမ်း သို့မဟုတ် ရဲပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာဌာနကို မဟုတ်မမှန်ဘဲ လုပ်ကြံလိမ်ညာ သတိပေးလို့ စစ်ဆေးလိုက်ကြတဲ့အခါမှာ လုပ်ကြံသူ အစစ်အမှန်ဟာ မောင်မဲဖြစ်နေရင် မောင်မဲကို ပုဒ်မ ၁၈၂ နဲ့ အမှုဖွင့်အရေးယူအပြစ်ပေးလို့ရတယ်။

"ရွာတစ်ရွာအနီးမှာ မောင်မြဟာ ရိုက်နှက် လုယက်ခံရကြောင်း မဟုတ်မမှန် လိမ်လည်တိုင်တန်း မှုကြောင့် ရွာသူရွာသားတွေ အစစ်ဆေးခံကြရလို့ စိတ်ငြိုငြင်မှုဖြစ်ရင် မောင်မြကို ပုဒ်မ ၁၈၂ နဲ့ အရေး ယူလို့ရတယ်။

"လောင်းကစားလွန်ကဲတဲ့ သမီးဟာ ရှုံးပါများ တော့ မိဘတွေရဲ့ စိန်ရွှေရတနာတွေကို ခိုးယူပေါင်နှံ သုံးစွဲပြီးတော့မှ သူခိုးခိုးပါတယ်လို့ ရဲစခန်းမှာ တရား လိုအဖြစ် အမှုဖွင့်ခဲ့တယ်။ ရဲစခန်းက တာဝန်ရှိသူတွေ က အသေးစိတ်စစ်ဆေးလိုက်တဲ့အခါမှာ အဲဒီအိမ်ရဲ့ အခြေအနေအရ အပြင်လူ လုံးဝမဝင်ရောက်နိုင်မှန်း သိခဲ့ရတယ်။ ရဲမေတွေ၊ သက်သေတွေနဲ့ အဲဒီတရားလို သမီးရဲ့အခန်းမှာ လိုက်ရှာတော့ အပေါင်လက်မှတ် တွေ၊ စိန်ရွှေရောင်းချထားတဲ့ပြေစာတွေ တစ်ထပ်ကြီး တွေ့ခဲ့ကြတယ်။ ဒီတော့မှ ဝန်ခံတော့တယ်။ ခိုးမှုနဲ့ တရားလိုအဖြစ် အမှုဖွင့်ခဲ့တဲ့ သမီးမိုက်ဟာ ခိုးမှုပုဒ်မ ၃၈၀ အရ တရားခံပြန်ဖြစ်သွားရသလို ပြည်သူ့ ဝန်ထမ်းတွေကို မမှန်မကန် သတင်းပေးတိုင်ကြားလို့ ပုဒ်မ ၁၈၂ နဲ့ အရေးယူလို့ရတယ်ကွ။ ရှင်းရဲ့လား"

❖ "လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ သို့တည်းမဟုတ် စိတ်ငြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ဥပဒေအရ အာဏာကို အသုံးပြုစေရန်ကြံရွယ်၍သော်လည်းကောင်း၊ ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း မိမိသိသော သို့တည်းမဟုတ် မိမိယုံကြည်သောသတင်းကို ပေးလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" လို့ ပြဋ္ဌာန်းထားတယ်ကွ" ❖

"ရှင်းသွားပါပြီကွာ။ ပုဒ်မ ၂၁၁ ကို ဆက်ရှင်း ပြစမ်းပါအုံး"

"ပုဒ်မ ၂၁၁ မှာ ပြဋ္ဌာန်းထားတာက-

မှန်သော သို့တည်းမဟုတ် ဥပဒေနှင့်ညီသော အကြောင်း ယုတ္တိမရှိဟုသိလျက်နှင့် မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်အကြံဖြင့် ထိုသူအပေါ်၌ ပြစ်မှုစွဲဆိုလျှင် သို့တည်းမဟုတ် စွဲဆို စေလျှင် သို့တည်းမဟုတ် ထိုသူအပေါ်တွင် ပြစ်မှု ကျူးလွန်သည်ဟု မမှန်စွပ်စွဲလျှင် ထိုသူကို နှစ်နှစ် အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ထိုသို့ ပြစ်မှုစွဲဆိုခြင်းသည် သေဒဏ်ဖြစ်စေ၊ တစ်သက် တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ် သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်း ခံထိုက်သောပြစ်မှုကို ကျူးလွန်သည်ဟု မမှန်စွပ်စွဲ၍ စွဲဆိုခြင်းပြုလျှင် စွဲဆိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ် နိုင်သည်လို့ ပြဋ္ဌာန်းထားတယ်ကွ။

ဆိုလိုတာကကွာ မတရားလိမ်လည်စွပ်စွဲ အမှု ဖွင့်တိုင်ကြားမှုတွေမှာ အမှုသေးဆိုရင် အများဆုံး ထောင်ဒဏ်နှစ်နှစ်၊ အမှုကြီးဆိုရင် ထောင်ဒဏ်ခုနစ် နှစ်ထိ ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတာပဲကွ"

"ပုဒ်မ ၂၁၁ ပြစ်မှုကို ဘယ်လို ကျူးလွန်ကြ တာလဲကွ"

"ဒီလိုကွာ ပြစ်မှုကျူးလွန်တဲ့ တရားခံကိုယ်တိုင် ကဖြစ်စေ၊ ရဲ ဒါမှမဟုတ် အခြားသူ တစ်ဦးဦး၊ တစ်ယောက်ယောက်ကတစ်ဆင့်ဖြစ်စေ၊ ပြစ်မှုရုံးမှာ မှုခင်းတစ်ခုခုကိုစွဲဆိုရင် အဲဒီပြစ်မှုမြောက်တယ်ကွ။ ဆိုလိုတာကကွာ တရားရုံးမှာလိမ်ညာပြီး ဦးတိုက် လျှောက်ထားမှုနဲ့ ရဲစခန်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄ အရတိုင်တန်းလို့ရဲက တိုင်တန်းခြင်း ခံရသူအပေါ် ပုဒ်မ ၁၉၀ အရ ပြစ်မှုရုံးမှာ တရားစွဲဆို တင်ပို့တာကို ခံရတာပဲကွ။ **ပုဒ်မ ၂၁၁ အရ ပြစ်မှု မြောက်ဖို့အတွက် ၁။ မမှန်မကန်လိမ်ညာပြီး ပြစ်မှု ကျူးလွန်တယ်လို့ စွဲဆိုခြင်း၊ ၂။ စွဲဆိုတဲ့ ပြစ်မှုဟာ ဥပဒေနဲ့မညီ၊ မှန်ကန်တဲ့အကြောင်းယုတ္တိမရှိခြင်း၊ စွပ်စွဲမှုဟာ မမှန်ကန်ခြင်း၊ ၃။ ဥပဒေနဲ့မညီ မမှန်မကန်တာကိုသိနေခြင်း ၄။ တစ်ဖက်သား ကိုနစ်နာ စေဖို့အကြံနဲ့ လုပ်ကြံခြင်းဆိုတဲ့ အင်္ဂါလေးရပ်နဲ့ ကိုက်ညီမှရတယ်ကွ။**

မင်း နားလည်အောင် ပြောရရင်တော့ မှုခင်း လောကမှာ အပြောများ၊ အမှုပွားနေကြတဲ့ အိမ်ခန်း ရောင်း၊ ပေါင် ပြဿနာတွေ၊ နေ့ပြန်တိုး မတ်တိုး ပြဿနာတွေ၊ ဆုမဲပြဿနာတွေဟာ အဲဒီပုဒ်မနဲ့ တိုက်ရိုက် ဆက်စပ်ငြိတွယ်နေကြတာပဲကွ။ အိပ်ခန်း ကို အရောင်းအဝယ် လုပ်ခဲ့ကြတာမှာ စာချုပ် အထောက်အထားရှိပါလျက်နဲ့ အိမ်ခန်းစျေးတက် လာတော့မှ ရောင်းထားတာမဟုတ်ပါဘူး။ မတရား ရယူထားတာပါလို့ လိမ်ညာပြီး အမှုဖွင့်ခဲ့ကြသူတချို့ ဟာ ပုဒ်မ ၂၁၁ နဲ့ငြိတာပဲကွ။ ရောင်းပေါင်ပြဿနာတွေ ထဲမှာ မူလတုန်းကတော့ ကျွန်တော်၊ ကျွန်မမှာ ငွေအသုံးလိုလို့ပါ။ ယူထားပါ။ စိတ်ချပါဆိုပြီး အိမ်ခန်း ကို ရောင်း၊ ပေါင် လက်မှတ်ထိုးပြီး အတင်းထိုးအပ်ခဲ့ ကြတယ်။ တချို့ဆိုရင် လှည့်တောင်မကြည့်တော့ဘဲ အတိုးလဲ မပေးနိုင်တော့ဘူး။ အိမ်ခန်းကိုလဲ အပိုင် ယူလိုက်ပါတော့။ ငွေပိုလေးပဲ အမ်းပေးပါဆိုပြီး ခခယယတောင်းပန်၊ စာချုပ်မှာ လက်မှတ်ထိုးပေး ခဲ့ကြတယ်။ အိမ်ခန်းစျေးလဲတက်ရော လောဘဇော ကပ်ပြီး **"မပေးပေးပေး ငါ့ရွှေခွက်ပေး** ဆိုတဲ့ **ရွှဲ ကုန်သည်ဇောတ်လမ်းထဲကလို"** ဖြစ်ကုန်ကြတာတွေ ရှိနေတယ်။ ဒါ့ပြင် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေနဲ့ ရာဇဝတ်မှုကျူးလွန်တဲ့ထိ ဖြစ်ပေါ် လာခဲ့တာတွေလဲ ရှိနေတယ်ကွ"

"ပုဒ်မ ၁၈၂ နဲ့ ပုဒ်မ ၂၁၁ က တော်တော်ခြားနား တာပဲနော်"

"ခြားနားတာပေါ့ကွာ။ ခြားနားလွန်းလို့လဲ ပြစ်ဒဏ်တွေက ကွာခြားသွားတာပေါ့။ ပုဒ်မ ၁၈၂ က လူတစ်ယောက်ကို နစ်နာစေရန်အကြံနဲ့ ပြည်သူ့ ဝန်ထမ်းကို မမှန်မကန်သတင်းပို့တဲ့ ယေဘုယျပုဒ်မ ပဲကွ။ ပြစ်ဒဏ်ကလဲ နည်းတယ်။ ပုဒ်မ ၂၁၁ ကတော့ ပြစ်မှုနဲ့အရေးယူဖို့ မမှန်မကန်သတင်းပေး တရား စွဲဆိုမှုပဲကွ။ ပြစ်ဒဏ်ကလဲ များတယ်။ ဒါကြောင့် ပုဒ်မ ၁၈၂ အရ ပြစ်မှုကို ဒုတိယတန်း အာဏာရ ပြစ်မှုတရားသူကြီးက စစ်ဆေးစီရင်နိုင်ပေမဲ့ ပုဒ်မ ၂၁၁ ကျတော့ ပထမတန်းအာဏာရ ပြစ်မှုတရားသူ ကြီးက စစ်ဆေးစီရင်ရတယ်ကွ"

"တစ်ဖက်သားကို စာနာစိတ်မရှိဘဲ လုပ်ကြံ လီဆယ်နေကြသူတွေကို ချမှတ်တဲ့ပြစ်ဒဏ်က ငါ့ အယူအဆအရဆိုရင် နည်းနေတယ်လို့ထင်တယ်ကွာ။ နောင်ကြဉ်ရလောက်အောင် ပြစ်မှုနဲ့ပြစ်ဒဏ် မမျှ တာတွေကို ပြင်ဆင်ပေးနိုင်ရင် ကောင်းမယ်လို့ သက် ဆိုင်ရာ တာဝန်ရှိသူတွေကို အကြံပေးချင်တယ်ကွ"

"တာဝန်ရှိသူတွေကလဲ မင်းတို့ငါတို့ထက် တောင် ခံစားနားလည်နေကြပါတယ်ကွ။ မပူပါနဲ့။ မင်း သိအောင် ပြောစရာရှိတာလေး ကျန်သေးလို့ တစ်လက်စတည်း ပြောပြလိုက်အုံးမယ်။ တစ်ဖက် သားကို နစ်နာပျက်စီးအောင်ပြစ်မှုကျူးလွန်ကြသူတွေ နဲ့အတူ ကြံရာပါတွေလည်း ရှိသေးတယ်ကွ"

"ဟုတ်လား ဘယ်သူတွေလဲကွ"

"မမှန်သက်သေတွေပဲကွ။ သက်သေတိုင်းကို ပြောတာမဟုတ်ဘူးနော်။ အမှုသည်တချို့ဟာ ကိုယ့် ဘက်က အမှုနိုင်အောင် သက်သေတချို့ကို ငွေပေးပြီး မမှန်မကန် လုပ်ကြံထွက်ဆိုခိုင်းနေကြတာပဲကွ။ တရားလို၊ တရားခံတွေရဲ့ ကြေးစားသက်သေတချို့ ကြောင့် သက်သေကောင်းလို့ အမှုနိုင်သွားကြသလို သက်သေနှိပ်စက်လို့ အမှုရှုံးသွားရတာတွေလဲ ရှိနေတယ်ကွ"

"သက်သေတွေက ဘယ်လိုပဲထွက်ဆိုထွက်ဆို တရားသူကြီးတွေနဲ့ ဥပဒေပညာရှင်တွေက ဆင်ခြင် စဉ်းစားပြီးမှ စီရင်ချက်ချကြတာတွ။ တရားလိုနဲ့ တရားခံတွေဟာ ကိုယ်ပိုင်တဲ့သက်သေတွေကို ကြက် တူရွေး စကားသင်ပေးထားသလိုပဲ တစ်ပွဲတိုးနည်းနဲ့ နှုတ်တိုက်သင်ကြားပေးထားပြီး သက်သေအဖြစ် လိုက်ပါထွက်ဆိုလေ့ရှိကြတယ်။ တရားရုံးကတရား ခွင်လဲရောက်ရော နှစ်ဖက်ရှေ့နေတွေရဲ့ မေးမြန်းချက် တွေထဲမှာ ယောင်ချာချာ၊ အလွဲလွဲအချော်ချော် ဖြစ် ကုန်ကြပါရော။ တရားသူကြီးတွေကလဲ ဆင်ခြင် စဉ်းစားကြရပြီပေါ့ကွာ"

"သာဓကတစ်ရပ်ကို ငါပြောပြမယ်။ အမှုတစ်မှုမှာ တရားခံက သူဟာ သူ့ရွာ၊ သူ့အိမ်မှာ အလျှုလုပ်လို့ တစ်နေ့လုံးရှိနေပါတယ်လို့ သူ့အိမ်နီးချင်းတွေကို အလီဘိုင်ပြ သက်သေထူခဲ့တယ်။ ဒါပေမဲ့ တရားလိုက အဲဒီနေ့က ဘယ်ဟိုတယ်၊ ဘယ်အခန်းမှာ ဘယ်အချိန် ထိ သူနဲ့အတူရှိနေပါတယ်လို့ ဟိုတယ်မန်နေဂျာ၊ ဟိုတယ်ဧည့်မှတ်တမ်းနဲ့ အထင်အရှားသက်သေ ထူလိုက်တော့ တရားခံဟာ အမှုရှုံးပြီး ပြစ်ဒဏ် ကျခံခဲ့ရတယ်။ မမှန်သက်သေတွေဟာ အမှုစစ်နေ ရင်းမှာပဲ ပေါ်ပေါက်လာလေ့ရှိတယ်ကွ"

"မမှန်သက်သေတွေကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရအမှုဖွင့် အရေးယူနေခဲ့ရတယ်။ ပုဒ်မ ၁၉၃ မှာ ပြဋ္ဌာန်းထားတာက-

"တရားစီရင်သော မှုခင်းကိစ္စတွင် မည်သည့် အဆင့်၌ ဖြစ်စေ၊ မည်သူမဆို မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မည်သည့်အဆင့်၌ ဖြစ်စေ၊ သက်သေခံအဖြစ် အသုံးပြုရန် မမှန်သက်သေကို တမင်ဖန်တီးလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ် နိုင်သည်။ ထို့ပြင် အခြားမှုခင်းကိစ္စများတွင် တမင် မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မမှန် သက်သေကို တမင်ဖန်တီးလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားတယ်ကွ"

"ထွက်ဆိုချက် ဒါမှမဟုတ် ကြေညာချက်ကို မမှန်ကြောင်းသိပါရက်နဲ့ပြုလုပ်ခြင်းဟာ မမှန် သက်သေခံတယ်လို့ဆိုထားတယ်။ မမှန်သက်သေခံ ကြတာမှာ နှုတ်နဲ့သာမက စာနဲ့ရေးသားပြီး ကျူးလွန် နိုင်တယ်။ မမှန်သက်သေခံခြင်းဟာ ရုံးအပေါ်မှာ မမှန်တာကို မှန်ပါတယ်လို့ အထင်ရောက်အောင် ပြုလုပ်တာဖြစ်လို့ ရုံးကို မထီမဲ့မြင်ပြုလုပ်ရာရောက် တဲ့အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ အရ သက်ဆိုင်ရာတရားရုံးမှာ တိုင်တန်းနိုင်တယ်လို့ ဆိုထားတယ်ကွ။

စာမျက်နှာ ၅ သို့ ခဏ

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စားဖိုဆောင်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ အောက်တိုဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ တောင်သူများ စားဖိုဆောင်သီးနှံ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ချိတ်ဆက်၍ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားဖိုဆောင်သီးနှံ ၂၄၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံများထွက်ရှိရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံအဖြစ် ခရမ်း၊ ကြက်ဟင်းခါး၊ ပန်းဂေါ်ဖီ၊ မုန်ညင်းစိမ်း၊ မုန်လာဥဖြူ၊ တိုင်ထောင်ပဲသီး၊ ကန်စွန်း၊ ဘူး၊ ဖရုံ၊ သခွား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွား ဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မေတ္တာနှင့်လူသား

- ချစ်မေတ္တာ ရင်မှာထား
  မင်္ဂလာတရား ရှိပါစေ၊
  အကြင်နာ မေတ္တာလွမ်း
  အေးချမ်းမည်လေ၊
  ငြိမ်းချမ်းသော မေတ္တာတွေ
  အမြဲမသွေ ထားရှိ၊
  ကူညီပါ အမုန်းမတွေး
  လေးစားသင့်၏။။

- စာနာကွယ် လူသားများ
  အယူမမှား မှန်ကန်ပါ၊
  အစွန်းမထင် အပြုံးလှ
  ရှင်ပျသာယာ၊
  နေ့သစ်၏ မင်္ဂလာ
  အစဉ်သာဖြစ်စေဖို့၊
  အဖိုးတန် စကားလုံးကို
  ခြယ်မှုန်းပြောစို့။။

- အသိဉာဏ် မမိုက်မှား
  အတွေးများ ဖြောင့်မတ်မည်၊
  ကိုယ်ကျင့်ကို ရိုးသားလျက်
  ရှေ့ဆက်ဦးတည်၊
  မွန်မြတ်သော အတွေးသည်
  ပန်ဆင်သီ ထားရှိမြတ်၊
  လူသားတွေ ထာဝရ
  ဘဝလှတတ်။။ ။

ရွှေမြိုင်သူ(မြန်မာစာ)

သာစည်မြို့နယ် ကန်ရိုးကျေးရွာတွင် VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွက်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ(VRFP) စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ရိုးကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၅ သောင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၈ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းကို ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

á စာမျက်နှာ ၄ မှအဆက်

"အဲဒီလို မမှန်သက်သေတွေကို ထိထိရောက်ရောက်ကော အရေးယူနိုင်သလားကွ"

"ဒါကတော့ ရာဇဝတ်မှုရော၊ တရားမမှုပါ အမှုသွားအမှုလာအရ စစ်ဆေးကြတဲ့အခါမှာ ထွက်ဆိုချက်တွေကွဲလွဲနိုင်တယ်။ အဲဒီကွဲလွဲမှု အပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိသူတွေက စစ်ဆေးတွေ့ရှိချက်အရ မမှန်သက်သေအဖြစ် အမှုဖွင့်အရေးယူနိုင်တယ်ကွ။ အရေးယူတဲ့ပုဒ်မက ၁၉၅ ပဲကွ။ မမှန်သက်သေမှန်းသိပေမဲ့ အမှုဖွင့်ပုံမမှန်ရင်လဲ အပြစ်ပေးအရေးယူလို့မရတဲ့ စီရင်ထုံးသာမကတွေလဲ ရှိခဲ့ဖူးတယ်။

"ပုဒ်မ ၁၉၅မှာ ပြဋ္ဌာန်းထားတာက-

"ပြည်ထောင်စုမြန်မာနိုင်ငံတော်ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ထိုက်သောအမှု မဟုတ်ဘဲ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ် သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ပြစ်မှုစီရင်ခြင်းခံတန်ရာကို သိလျက်နှင့် သော်လည်းကောင်း မည်သူမဆို မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မမှန် သက်သေခံကိုဖန်တီးလျှင် ထိုသူအား ထိုပြစ်မှုဖြင့် စီရင်ခြင်းခံရသူ တစ်ဦးတစ်ယောက် ခံထိုက်သော ပြစ်ဒဏ်မျိုးချမှတ်ရမည်လို့ ပြဋ္ဌာန်းထားတယ်ကွ"

"ဆိုလိုတာကကွာ ဓားပြတိုက်မှုနဲ့ မောင်ဖြူကိုပြစ်မှုထင်ရှား စီရင်ခြင်းခံရအောင်ကြံရွယ်ပြီး မောင်မဲက တရားရုံးမှာ မမှန်သက်သေခံခဲ့တယ်။ ဓားပြတိုက်မှုရဲ့ ပြစ်ဒဏ်က တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ငွေဒဏ် အပါအဝင် ဒါမှမဟုတ် ငွေဒဏ်မပါဘဲ ဆယ်နှစ်ထိ အလုပ်နဲ့ ထောင်ဒဏ်ဖြစ်စေ၊ တရားခံအစစ်အမှန်ကို ချမှတ်ခံရရင် မောင်မဲလည်း တရားခံလိုပဲ အဲဒီပြစ်ဒဏ်ကို ကျခံစေရမယ်လို့ ပြဋ္ဌာန်းထားတာကွ"

"မမှန်သက်သေခံသူတွေရဲ့ ပြစ်ဒဏ်ကတော့ တော်တော်ထိရောက်တာပဲကွ။ ဒါမှ နောင်ကြဉ်သွား ကြမှာကွ။ ဘာပဲလုပ်လုပ်ကွာ သူတစ်ပါးနစ်နာပျက်စီးအောင်တော့ ဘယ်သူမှမလုပ်သင့်ကြပါဘူးကွာ"

"လူတစ်ခု ပူမှုရယ်ဆယ်ကုဋေ၊ အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ကြံရ" ဆိုသလိုပဲ ရှောင်လွှဲနေကြတဲ့ကြားက အမှုတွေ ဖြစ်ပွားနေကြရတာပဲကွ။ ဖြစ်ပွားနေကြရတဲ့ အမှုတွေကို သင်ခန်းစာယူကြပြီး ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်၊ အာဃာတတွေမထားကြဘဲ စာနာညှာတာစိတ်သာထားကြရင်တော့ အားလုံးဟာ ငြိမ်းချမ်းသာယာသွားကြမှာပေါ့ကွာ"

နိုင်ငံတကာ သတင်းများ

ရုရှားသမ္မတ ဗလာဒီမာ ပူတင် တာဂျစ်ကစ္စတန်နိုင်ငံသို့ ရောက်ရှိ

ဒူရန်ဘီ အောက်တိုဘာ ၉

ရုရှားသမ္မတ ဗလာဒီမာ ပူတင်သည် ဗဟိုအာရှဒေသနိုင်ငံတစ်နိုင်ငံဖြစ်သည့် တာဂျစ်ကစ္စတန်နိုင်ငံသို့ အောက်တိုဘာ ၈ ရက်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

တာဂျစ်ကစ္စတန်ခရီးစဉ်အတွင်း သမ္မတပူတင်သည် ဆိုဗီယက်ပြည်ထောင်စုဝင် ဗဟိုအာရှနိုင်ငံများဖြင့်ဖွဲ့စည်းထားသော လွတ်လပ်သည့်နိုင်ငံများ ဓနသဟာယအဖွဲ့ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည်ဖြစ်သည်။

လွတ်လပ်သည့်နိုင်ငံများ ဓနသဟာယအဖွဲ့ ထိပ်သီးဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်တွင် တာဂျစ်ကစ္စတန်နိုင်ငံ ဒူရန်ဘီမြို့၌ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲတွင် ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဇိခ်မင်နစ္စတန်နှင့် ဥဇဘေတ်ကစ္စတန် နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

ထို့ပြင် အဆိုပါထိပ်သီးဆွေးနွေးပွဲ၌ နောက်ပိုင်းတွင် အာမေးနီးယား၊ အဇာဘိုင်ဂျန်နှင့် ဘီလာရုစ် ခေါင်းဆောင်များလည်း ပါဝင်လာမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် စစ်ရေးပဋိပက္ခဖြစ်ပွားခဲ့ပြီး နောက် တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံကဲ့သို့ အာရှအိမ်နီးချင်းနိုင်ငံများအပြင် ဗဟိုအာရှဒေသနိုင်ငံများနှင့်လည်း ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **Ref : RT**

Trs : KKO

ကုလသမဂ္ဂအနေဖြင့် ရန်ပုံငွေပြဿနာကြောင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အင်အား လျှော့ချရန်

နယူးယောက် အောက်တိုဘာ ၉

ရန်ပုံငွေပြတ်လပ်မှု ပြဿနာကြောင့် ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားသော ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အင်အားကို လျှော့ချရမည့် အခြေအနေရှိကြောင်း အောက်တိုဘာ ၈ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ရန်ပုံငွေပြတ်လပ်မှုပြဿနာကြောင့် ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားသော ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်အင်အားကို ၂၅ ရာခိုင်နှုန်းခန့်ထိ လျှော့ချရဖွယ်ရှိကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားထားသည်။

ကုလသမဂ္ဂတာဝန်ရှိသူများ၏ အဆိုအရ ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင် အရေအတွက် ၁၃၀၀၀ မှ ၁၄၀၀၀ ထိ လျှော့ချရနိုင်ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်များအတွက် ကုလသမဂ္ဂအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံအနက် ၁ ဒသမ ၃ ဘီလီယံကို အမေရိကန်နိုင်ငံက ထည့်ဝင်ရခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါငွေကြေးပမာဏ၏ ထက်ဝက်ခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၆၈၂ သန်းသာ ထည့်ဝင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ကုလသမဂ္ဂကို အသိပေးထားသည်။

ကုလသမဂ္ဂ၏ ၂၀၂၅-၂၀၂۶ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်များအတွက် တရုတ်နိုင်ငံက ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံထိ ထည့်ဝင်ပေးဖွယ်ရှိကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

အိန္ဒိယဝန်ကြီးချုပ် မိုဒီ မွမ်ဘိုင်း၏ ဒုတိယမြောက် နိုင်ငံတကာလေဆိပ်ကို ဖွင့်လှစ်ပေး

မွမ်ဘိုင်း အောက်တိုဘာ ၉

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်ထားသည့် နာဗီမွမ်ဘိုင်းအမည်ရှိ လေဆိပ်သစ်ကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အောက်တိုဘာ ၈ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နာဗီမွမ်ဘိုင်း နိုင်ငံတကာလေဆိပ်ကို ဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှုကို ထင်ဟပ်နေကြောင်း အိန္ဒိယဝန်ကြီးချုပ်က လေဆိပ်သစ်ဖွင့်ပွဲမိန့်ခွန်း၌ ပြောကြားခဲ့သည်။

နာဗီမွမ်ဘိုင်း နိုင်ငံတကာလေဆိပ်သည် ယခုနှစ်ဒီဇင်ဘာလအတွင်း စတင်လုပ်ငန်းလည်ပတ်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

နာဗီမွမ်ဘိုင်း နိုင်ငံတကာလေဆိပ်သည် အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးမြို့ဖြစ်သည့် မွမ်ဘိုင်းမြို့အတွက် ဒုတိယမြောက် နိုင်ငံတကာလေဆိပ်ဖြစ်သည်။

အဆိုပါ လေဆိပ်သစ်ကို အဒါနီဂရု ကုမ္ပဏီအုပ်စုက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

နာဗီမွမ်ဘိုင်း နိုင်ငံတကာလေဆိပ်သည် နှစ်စဉ် ခရီးသည်သန်း ၂၀ ထိ ဝန်ဆောင်မှုပေးနိုင်ကြောင်း သိရသည်။ **Ref : RT**

Trs : KKO

အီတလီအစိုးရ၏ ကမ္ဘာတစ်ဝန်း အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ ထောက်ခံထား

ရောမ အောက်တိုဘာ ၉

မီလန်နို-ကော်တီနာ ဆောင်းရာသီ အိုလံပစ်ပွဲတော်ကာလ တစ်ကမ္ဘာလုံးရှိ ပဋိပက္ခများ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအဆိုပြုချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထောက်ခံအားပေးထားကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယိုတာဂျာနီက အောက်တိုဘာ ၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လာမည့်နှစ်တွင် ကျင်းပမည့် မီလန်နို-ကော်တီနာ ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်ကာလ အတွင်း တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရေးအဆိုကို ကုလသမဂ္ဂ၌ တင်သွင်းရန် အီတလီအစိုးရက စီစဉ်ထားသည်။

အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထောက်ခံမှု ပေးထားကြောင်း အီတလီ နိုင်ငံခြားရေးဝန်ကြီး တာဂျာနီက သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားထားသည်။

အီတလီ နိုင်ငံခြားရေးဝန်ကြီး တာဂျာနီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် အောက်တိုဘာ ၈ ရက်တွင် အီတလီနိုင်ငံ ရောမမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသော ကြေညာချက်တွင် အီတလီအစိုးရ၏ တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ထိန်းသိမ်းရာတွင် တရုတ်နိုင်ငံ အနေဖြင့် အီတလီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

အစ္စရေးနှင့် ဟားမက်စ်အုပ်စုတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူ

ကိုင်ရို အောက်တိုဘာ ၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာပဋိပက္ခ အဆုံးသတ်ရေးအစီအစဉ် ပထမအဆင့်အရ အစ္စရေးနှင့် ဟားမက်စ်အုပ်စုတို့သည် အောက်တိုဘာ ၈ ရက်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ရေး သဘောတူညီချက်ကို ရယူခဲ့ကြောင်း သိရသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အစ္စရေးနှင့် ဟားမက်စ်အုပ်စုတို့ ရယူနိုင်ခဲ့ပြီး နောက် အစ္စရေးပြည်သူများနှင့် ပါလက်စတိုင်း ပြည်သူများကပါ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်ကို အီဂျစ်နိုင်ငံ၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် အစ္စရေးနှင့် ဟားမက်စ်အုပ်စုတို့က ရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

ဟားမက်စ်အုပ်စုနှင့် ရယူထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ယနေ့ အစိုးရအဖွဲ့ အစည်းအဝေး၌ အတည်ပြုပေးမည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားထားသည်။

နှစ်နှစ်ကျော် ကြာမြင့်နေပြီ ဖြစ်သော ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခကို အဆုံးသတ်နိုင်ရေး အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အချက် ၂၀ ပါ ငြိမ်းချမ်းရေး အစီအစဉ်ကို ပြီးခဲ့သည့် လအတွင်းကပင် အဆိုပြုခဲ့သည်။

ဂါဇာအခြေစိုက် ဟားမက်စ်အုပ်စုက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာပဋိပက္ခ စတင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

နာဆာ၏ ဂျူနိုအာကာသယာဉ်က စူးစမ်းလေ့လာရေးစနစ်များ ရပ်ထားရဖွယ်ရှိ

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် စူးစမ်းလေ့လာရေးစနစ်များ ရပ်ထားရဖွယ်ရှိကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

၂၀၁၁ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဂျူနိုအာကာသယာဉ်သည် ၂၀၁၆ ခုနှစ်တွင် ကြာသပတေးဂြိုဟ်စနစ်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး လပေါင်း ၂၀ ကြာ မစ်ရှင်ကိုစတင်ခဲ့သည်။

သို့ရာတွင် ဂျူနိုအာကာသယာဉ်သည် အထက်ပါမစ်ရှင်သက်တမ်းကုန်ဆုံးသွားသည့် နောက် ၁၀နှစ်ကြာထိ ကြာသပတေးဂြိုဟ်စနစ်ကို ဆက်လက်လေ့လာနိုင်ခဲ့ရာ ၎င်းအာကာသယာဉ်၏ မစ်ရှင်သက်တမ်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ မစ်ရှင်သက်တမ်းတိုးထားသည်။

လက်ရှိအချိန်တွင် အထက်ပါမစ်ရှင်သက်တမ်းမှာ ယခုအခါကုန်ဆုံးခဲ့ပြီဖြစ်သလို အမေရိကန်အစိုးရ၏လုပ်ငန်းယန္တရားလည်ပတ်မှုများလည်း ရပ်တန့်ထားရသည်ဖြစ်ရာ ဂျူနိုအာကာသယာဉ်အနေဖြင့် စူးစမ်း လေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားရဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် ဂျူနိုအာကာသယာဉ်၏ စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်း ရှိ၊ မရှိကို နာဆာအဖွဲ့က တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ဂျူနိုအာကာသယာဉ်သည် နေအဖွဲ့အစည်း၏ အကြီးဆုံးဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများကို လေ့လာနေသည့် ယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စပေ့အိတ်ဂြိုဟ်တု ၂၈ စင်းကိုလွှတ်တင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကိုလွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၄ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၂၆ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် လာမည့် အောက်တိုဘာ ၁၃ ရက်တွင် ၁၁ ကြိမ်မြောက် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဘလူးအော်ရီဂျင်ကုမ္ပဏီက ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦး လိုက်ပါသွားသည့် New Shepard ဒုံးပျံကို လွှတ်တင်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် အောက်တိုဘာ ၈ ရက်တွင် ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦးလိုက်ပါသွားသည့် New Shepard ဒုံးပျံကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် NS-36 အမည်ရှိ မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါသွားသော New Shepard ဒုံးပျံကို ဝက်စ်တက္ကဆက်ဒေသမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

New Shepard ဒုံးပျံလွှတ်တင်ပြီးနောက် ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦးကို ကမ္ဘာ့လေထုလွှာနှင့် အာကာသဟင်းလင်းပြင် စပ်ကြားနယ်မြေသို့ ပို့ဆောင်ပေးခဲ့ပြီး တက္ကဆက်ပြည်နယ် သဲကန္တာရဒေသ၌ လေထီးများအကူအညီဖြင့် ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

အထက်ပါ အာကာသခရီးသည်များအနေဖြင့် လေထုလွှာနှင့် အာကာသဟင်းလင်းပြင် အနားစပ်၌ ဒြပ်ဆွဲအား သုညအခြေအနေကို မိနစ်အနည်းငယ်ကြာ တွေ့ကြုံခံစားခဲ့ကြရကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက်မစ်ရှင်သည် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါခဲ့ကြသည့် ၁၅ ခုမြောက် New Shepard မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် လက်ရှိအချိန်ထိ New Shepard ဒုံးပျံများကို ၃၆ ကြိမ်ထိ လွှတ်တင်ခဲ့ရာ မစ်ရှင်အများစုမှာ လူလိုက်ပါခြင်းမရှိသည့် သုတေသနမစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

HEALTH

Restless Leg Syndrome ပြဿနာရှိသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

ဆိုးလ် အောက်တိုဘာ ၉

မသက်မသာခံစားချက်ကြောင့် ခြေထောက်လှုပ်ရှားနေရမှုပြဿနာ (Restless Leg Syndrome) ခံစားနေရသူများတွင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

Restless Leg Syndrome ပြဿနာသည် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ခံစားနေရသည့် ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပြီး အမျိုးသားများထက် အမျိုးသမီးများတွင် ပိုအဖြစ်များသည်။

အထက်ပါ ကျန်းမာရေးပြဿနာကြောင့် အိပ်စက်မှုပုံစံ ထိခိုက်သွားနိုင်ပြီး နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာတတ်သည်။

အလားတူ တောင်ကိုရီးယား သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Restless Leg Syndrome ပြဿနာရှိသူများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၆၀ ရာခိုင်နှုန်း မြင့်တက်နေတတ်ကြောင်း သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် Restless Leg Syndrome ပြဿနာရှိနေသော အရွယ်ရောက်သူ ၂၀၀၀ ခန့်ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Restless Leg Syndrome ပြဿနာသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှု၏ နောက်ခံအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

ပလတ်စတစ်အမှုန်များကြောင့် အူမကြီးကင်ဆာနှင့် စိတ်ကျဝေဒနာဖြစ်နိုင်ခြေ မြင့်တက်နိုင်

ကင်ဘာရာ အောက်တိုဘာ ၉

အစားအသောက်ထုပ်ပိုးပစ္စည်းများမှ ပေါ်ထွက်လာသော ပလတ်စတစ်အမှုန်များကြောင့် အစာခြေလမ်းကြောင်းစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ပြီး အူမကြီးကင်ဆာနှင့် စိတ်ကျဝေဒနာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

အစားအသောက် ထုပ်ပိုးပစ္စည်းများမှ ပလတ်စတစ်ရုပ်မှုန်များကြောင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံ ပြောင်းလဲသွားနိုင်ကြောင်း သြစတြေးလျ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုပြင် အထက်ပါဗက်တီးရီးယားပုံစံအပြောင်းအလဲများအနက် အချို့မှာ အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ၊ စိတ်ကျဝေဒနာဖြစ်နိုင်ခြေများနှင့် ဆက်စပ်နေကြောင်း သြစတြေးလျ သုတေသနပညာရှင်များက ပြောကြားသည်။

သြစတြေးလျသုတေသနပညာရှင်များသည် လက်ရှိကျန်းမာရေးကောင်းမွန်သူများထံမှ ရယူထားသည့် ကျင်ကြီးနမူနာများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ လေ့လာတွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ပလတ်စတစ်ရုပ်မှုန်များ၌ပါရှိသည့် ဓာတုပစ္စည်းများသည် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဗက်တီးရီးယားများ၏ ဇီဝဓာတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

နိုင်ငံတကာ အားကစားသတင်းများ

Bloomberg မဂ္ဂဇင်း၏ ဘီလီယံနာစာရင်းတွင် စီရော်နယ်ဒို ပထမဆုံးအကြိမ်ပါဝင်

ရီယာ့ဒ် အောက်တိုဘာ ၉

Bloomberg မဂ္ဂဇင်းက ထုတ်ပြန်ထားသည့် ဘီလီယံနာစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒို ပါဝင်ခဲ့သောကြောင့် ပထမဆုံး ဘီလီယံနာ ဘောလုံးသမားတစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုနှစ်အတွင်း အားကစားလောကတွင် ဝင်ငွေအကောင်းဆုံး အားကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး အယ်နာဆာအသင်းနှင့် စာချုပ်သက်တမ်းတိုးခဲ့ပြီးနောက် ပိုင်ဆိုင်မှုအမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ရှိလာခဲ့ပြီး ဘီလီယံနာ စာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

Bloomberg မဂ္ဂဇင်း၏ ထုတ်ပြန်ချက်အရ တိုက်စစ်မှူး စီရော်နယ်ဒိုသည် Armani ၊ Nike တို့နှင့် စပွန်ဆာစာချုပ် ချုပ်ဆိုမှုများသည် ပိုင်ဆိုင်မှု တိုးတက်ရခြင်း၏ အဓိကအချက်ဖြစ်ကြောင်း ဖော်ပြထားသည်။

အသက် ၄၀ ရှိ ပေါ်တူဂီတိုက်စစ်မှူးသည် နိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂၃ ပွဲတွင် သွင်းဂိုး ၁၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် နိုင်ငံတကာ သွင်းဂိုး အများဆုံး ကစားသမားအဖြစ် ရပ်တည်နေပြီး ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။

စီရော်နယ်ဒိုက "လူတွေက ကျွန်တော့်ကို ကစားသမားဘဝက အနားမယူသေးဘူးလားလို့မေးကြပါတယ်။ ဘာကြောင့် ဂိုးတစ်ထောင် ပြည့်ဖို့ ရည်ရွယ်ထားတာလဲမေးကြပါတယ်။ ကျွန်တော်ကတော့ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် အကောင်းဆုံးကူညီနိုင်သေးလို့ အနားယူဖို့မစဉ်းစားသေးတာပါ။ ကျွန်တော့်အတွက် ကစားသမားဘဝအချိန် သိပ်မကျန်တော့ဘူးဆိုတာသိပေမဲ့ ကျွန်တော့် ရည်မှန်းချက်ပြည့်ဝတဲ့ထိ ကြိုးစားကြည့်ချင်ပါတယ်"ဟု ပြောကြားထားကြောင်း သိရသည်။

Ref : Espn

Trs : ML

ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူမည့် ကွင်းလယ်ကစားသမားစာရင်းတွင် ဝေါ်တန်နှင့် ချမ်မာတို့ ထိပ်ဆုံးကပါဝင်

မက်ဒရစ် အောက်တိုဘာ ၉

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အလွန်ဆိုက လာမည့် အပြောင်းအရွှေ့တွင် ကွင်းလယ်ပိုင်းအတွက် ပဲလေ့စ်အသင်း ကစားသမား ဝေါ်တန်နှင့် စတုဂတ်အသင်း ကစားသမား ချမ်မာတို့ကို ဦးစားပေးခေါ်ယူမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ခံစစ်ပိုင်းတွင် ချုအာမန် နီတစ်ဦးတည်းသာ အလွန်ဆို၏ ကစားကွက်ကို ပုံဖော်နိုင်ပြီး ဗယ်ဗာဒီနှင့် ကာမာဗင်ဂါတို့မှာ ကွင်းလယ်ခံစစ်ပိုင်းတွင် ပါဝင် ကစားနိုင်သော်လည်း လိုအပ်ချက် များရှိနေသောကြောင့် လာမည့် အပြောင်းအရွှေ့တွင် ကွင်းလယ် ပိုင်းအတွက် ဝေါ်တန်နှင့် ချမ်မာ တို့ကို ဦးစားပေးခေါ်ယူမည် ဖြစ်သည်။

အသက် ၂၁ နှစ်ရှိ ဝေါ်တန်သည် ပဲလေ့စ်အသင်း ကွင်းလယ် ခံစစ်ပိုင်းတွင် အဓိကခြေစွမ်းပြနေသည့် ကစားသမားတစ်ဦး ဖြစ်သည့် အတွက် ပဲလေ့စ်အသင်းကထိပ်သီး ကလပ်အသင်းများ၏ ကမ်းလှမ်းမှုမှတားဆီးရန် စာချုပ်ဖျက်သိမ်းကြေးတိုးမြှင့်၍ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေသော်လည်း ကစားသမားကိုယ်တိုင်က စာချုပ်သစ်ကို လက်မခံဘဲ အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည်။

စတုဂတ်ကစားသမား ချမ်မာ အနေဖြင့် မန်စီးတီးကွင်းလယ် ကစားသမားရှိဒရီ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ကီမစ်ချ် တို့နှင့် ကစားပုံဆင်တူသည့်အတွက် ရီးရဲမက်ဒရစ်အနေဖြင့် ဝေါ်တန်ကို ခေါ်ယူနိုင်ခြင်းမရှိပါက ချမ်မာကို ပြန်လည်ခေါ်ယူမည်ဖြစ်သည်။

ချမ်မာသည် ပြီးခဲ့သည့် အပြောင်းအရွှေ့က ရီးရဲလ်မက်ဒရစ်မှ စတုဂတ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရှိ သုံးသန်းဖြင့် ရောက်ရှိခဲ့သော်လည်း ယူရှိ ၁၀ သန်းဖြင့် ပြန်လည်ခေါ်ယူနိုင်သည့် စာချုပ်ပါရှိကြောင်း သိရသည်။

Ref : Fotmob

Trs : ML

မေဂျာလီဂ်ကလပ် အော်လန်ဒိုစီးတီးက ရစ်ချာလီဆန်ကို ခေါ်ယူရန်ကြိုးပမ်း

နယူးယောက် အောက်တိုဘာ ၉

အော်လန်ဒိုစီးတီး အသင်းက တိုက်စစ်ပိုင်းမြှင့်တင်ရန် စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်ကို လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

ရစ်ချာလီဆန်သည် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ပြီးနောက် စပါးအသင်း တိုက်စစ်ပိုင်းတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း အသင်းသို့ တိုက်စစ်မှူး ဆိုင်မွန်၊ မူအာနီတို့ ရောက်ရှိလာပြီးနောက်ပိုင်းအသင်း တာဝန်ရှိသူများက ရစ်ချာလီဆန်ကို ပြန်လည်ရောင်းချရန် စီစဉ်နေခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး ရစ်ချာလီဆန်ကို မေဂျာလီဂ်ကလပ် အော်လန်ဒိုစီးတီး အသင်းတွင် သာမက ဆော်ဒီပရိုလီဂ်ကလပ် အသင်းများကလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

စပါးအသင်းက ရစ်ချာလီဆန် အတွက် ပြောင်းရွှေ့ကြေးကို အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၄ သန်း သတ်မှတ်ထားသောကြောင့် အော်လန်ဒိုစီးတီးအသင်းက စပါး အသင်းတောင်းဆိုသည့် ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူခဲ့ပါက အယ်လ်အေ အက်ဖ်စီအသင်းက စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် အမေရိကန်ဒေါ်လာ ၂၆ သန်း ပေးချေခေါ်ယူခဲ့သည့် ဆွန်ဟောင်မင်၏ စံချိန်ကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

ၜင်းသည် စပါးအသင်းနှင့် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ သုံးပွဲနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်သည့်အတွက် နည်းပြ အန်ဆယ်လော့တီ၏ ယုံကြည်မှုကို ရခဲ့ပြီး ယခုလအတွင်းကစားမည့် ဘရာဇီးလက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရကြောင်း သိရသည်။

Ref : Goal.com

Trs : ML

Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ယူဘိုလ် ဦးဆောင်

ပေကျင်း အောက်တိုဘာ ၉

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပနေသည့် Buick LPGA Shanghai ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ထိုင်းဂေါက်သီးရိုက်မယ် ယူဘိုလ်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ်ဖြစ်သူ ထိုင်းဂေါက်သီးရိုက်မယ် သီတီကူလ်နှင့် ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီတို့ အပါအဝင် ပြိုင်ပွဲဝင် ငါးဦးတို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့ကြသည်။

ပထမနေ့တွင် ရလဒ်ကောင်းရရှိထားသည့် မင်ဂျီလီက “ပထမနေ့ စွမ်းဆောင်ရည်ကိုတော့ Solid ဖြစ်ခဲ့တယ်လို့ ပဲပြောချင်တယ်။ Driver ရိုက်ချက်တွေကလည်း တကယ့်ကို လိုချင်တဲ့အတိုင်းပဲ ပြည့်စုံခဲ့တယ်လို့ ခံစားရတယ်။ Iron ရိုက်ချက်တွေလည်း တော်တော်လေးကို ကောင်းမွန်ခဲ့ပါတယ်။ ရလဒ်ကောင်းရဖို့အတွက် အစစအရာရာ သေချာလေးစီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ ပထမနေ့ တစ်ရက်တည်း Birdie ရိုက်ချက် ခုနစ်ကျင်းထိ ရရှိခဲ့တာနဲ့ပတ်သက်ပြီး အားရကျေနပ်မှု ရှိပါတယ်။ ဒီစွမ်းဆောင်ရည်ကို နောက်ဆုံးနေ့ထိ ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

အားကစားသတင်းအတိုအထွာများ

- လာလီဂါဘောလုံးအဖွဲ့ချုပ်က အမေရိကန်နိုင်ငံတွင်ကစားမည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ပွဲစဉ်ကို ယူအီးအက်ဖ်အေက ကန့်ကွက်ထားသော်လည်း လာလီဂါအဖွဲ့ချုပ် အနေဖြင့် သမိုင်းဝင်သည့်ပွဲစဉ်ကို ကစားသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝေးလ်အသင်းနှင့် ကစားမည့်ပွဲစဉ်တွင် အင်္ဂလန်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာကြောင့်လွဲချော်မည်ဖြစ်ပြီး လက်ဗီးယားအသင်းနှင့် ပွဲစဉ်မှသာ ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းနှင့် အာဂျင်တီးနားအသင်းတို့တွင် ခြေစွမ်းပြကစားနေသည့် အသက် ၁၈ နှစ်ရှိ ကွင်းလယ်ကစားသမားမက်စတန်တူအိုနိုက ၂၀၂၆ ကမ္ဘာ့ဖလားတွင် အာဂျင်တီးနားအသင်းအတွက် ပါဝင်ကစားရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

FIFA Football for Schools (F4S) အစီအစဉ်အတွက် MoU လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

မြန်မာ့ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်ဖြစ်သည့် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ ဘောလုံးအားကစားကို ပိုမိုကစားခွင့်ရရှိရန် အကောင်အထည် ဖော်သွားမည့် FIFA Football for Schools (F4S) အစီအစဉ်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့သဘောတူ နားလည်မှုစာချုပ် (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၈ ရက် နေ့လယ်ပိုင်းက Hotel Max Nay Pyi Taw တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ FIFA Football for Schools အစီအစဉ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးတို့က အမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က FIFA Football for Schools အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ Football for Schools (F4S) အစီအစဉ်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)မှ တာဝန်ရှိသူများ သဘောတူနားလည်မှုစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရပ်သိမ်းခဲ့ကြောင်း သိရသည်။ STA

Wuhan Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

ပေကျင်း အောက်တိုဘာ ၉

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပနေသည့် Wuhan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) နေရာတွင်ရပ်တည်နေသည့် ပိုလန် တင်းနစ်မယ် စဝီယာတက်ခ်နှင့် ချက်တင်းနစ်မယ် ဘောက်ကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆–၁၊ ၆–၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် အတိုင်း ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့ပြီး ဘောက်ကိုဗာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်အနေဖြင့် China Open တင်းနစ်ပြိုင်ပွဲတွင် စတုတ္ထ အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် Wuhan Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ထို့ပြင် အခြားသောပွဲစဉ်တစ်ပွဲအဖြစ် နာမည်ကြီး ဂျပန်တင်းနစ်မယ်အိုဆာကာသည် ချက်တင်းနစ်မယ်နိုစကိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နိုစကိုဗာက (၇–၆၊ ၆–၃) ရလဒ်ဖြင့်အနိုင်ရကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသည့် စဝီယာတက်ခ်သည် ဆွစ်ဇာလန် တင်းနစ်မယ်ဘန်ဆစ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး နိုစကိုဗာက ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : AZL

နည်းပြ အာမိုရင်ကို စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ တာဝန်ပေးအပ်မည်ဟု ရက်ကလစ်ချ် အတည်ပြု

မန်ချက်စတာ အောက်တိုဘာ ၉

မန်ယူအသင်း ပူးတွဲပိုင်ရှင် ရက်ကလစ်ချ်က အသင်းနည်းပြ အာမိုရင်ကိုထုတ်ပယ်ရန် အစီအစဉ်မရှိဘဲ စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ အချိန်ပေးသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ရက်ကလစ်ချ်သည် မန်ယူအသင်း ပူးတွဲပိုင်ရှင်ဖြစ်သည့် အပြင် အသင်း၏အားကစားဆိုင်ရာလှုပ်ရှားမှုများ အားလုံးကိုလည်း ဆုံးဖြတ်ပိုင်ခွင့် ရရှိထားသူဖြစ်ပြီး နည်းပြ အာမိုရင်ကိုလည်း ၎င်းကိုယ်တိုင် ခန့်အပ်ရန်ဆုံးဖြတ်ထားသူဖြစ်သည်။

နည်းပြ အာမိုရင်သည် ပြီးခဲ့သည့် ဘောလုံးရာသီဝက်ကာလကစတင်ပြီး မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ဘဲ ရာသီအကုန်တွင် အဆင့် ၁၆ နေရာတွင်သာ ရပ်တည်ခဲ့ပြီး ဥရောပဝင်ခွင့်များနှင့် လွဲချော်ခဲ့ရသည်။

ထို့ကြောင့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက နည်းပြအာမိုရင် စိတ်ကြိုက်ကစားသမားကို ခေါ်ယူခွင့်ပေးထားသော်လည်း မန်ယူအသင်းအနေဖြင့် ရာသီအစပိုင်းကတည်းက ရုန်းကန်နေရပြီး ရလဒ်ကောင်းများ ရယူနိုင်ခြင်းမရှိသေးသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

မန်ယူအသင်း အနေဖြင့် ရာသီအစပိုင်းကတည်းက ရုန်းကန်ခဲ့ရပြီးနောက် နည်းပြ အာမိုရင် အနေဖြင့် အနာဂတ်မရေမရာဖြစ်လာခဲ့ပြီး နည်းပြသစ်ခန့်အပ်ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း ရက်ကလစ်ချ်က နည်းပြ အာမိုရင်ကို အပြည့်အဝထောက်ခံထားပြီး စာချုပ်သက်တမ်းကုန်ဆုံးမည့် ၂၀၂၇ ခုနှစ်ထိ အချိန်ပေးသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

အာဆင်နယ်အသင်းက အိမ်ကွင်းတိုးချဲ့နေစဉ်အတွင်း ဝင်ဘာလေကွင်းကို အသုံးပြုသွားမည်

လန်ဒန် အောက်တိုဘာ ၉

အာဆင်နယ် အသင်းက အသင်းအိမ်ကွင်းဖြစ်သည့် အမ်းမရိတ်အားကစားကွင်းကို ပြုပြင်နေသည့်ကာလအတွင်း အသင်းအိမ်ကွင်းပွဲစဉ်များကို ဝင်ဘာလေ အားကစားကွင်းတွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် အသင်းအိမ်ကွင်း တိုးချဲ့မည့် စီမံကိန်းကို မကြာမီ စတင်လုပ်ဆောင်မည်ဖြစ်သည့်အတွက် အသင်းအိမ်ကွင်း ပွဲစဉ်များကို လန်ဒန်မြို့ရှိ ဝင်ဘာလေကွင်းတွင် ပြောင်းလဲ ကျင်းပသွားမည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် အမ်းမရိတ် အားကစားကွင်းကို ၂၀၀၆ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး ပရိသတ်ဦးရေ ၆၀၇၀၄ ဦးသာ ဝင်ဆံ့သည့်အတွက် အသင်းအနေဖြင့် ပရိသတ်ဦးရေ ၇၀၀၀၀ ကျော်ဝင်ဆံ့သည့် အားကစားကွင်းအဖြစ် တိုးချဲ့သွားမည်ဖြစ်သည်။

အာဆင်နယ်အသင်း အနေဖြင့် ကွင်းတိုးချဲ့သည့် စီမံကိန်းပြီးစီးပါက လန်ဒန်မြို့ခံ ကလပ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့ကို ကျော်ဖြတ်ပြီး အကြီးဆုံးအားကစားကွင်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ပီအက်စ်ဂျီအသင်းက လမိုင်းယာမယ်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပြင်ဆင်

ပဲရစ် အောက်တိုဘာ ၉

ပြင်သစ်ထိပ်သီး ပီအက်စ်ဂျီ အသင်းက ဘာစီလိုနာကြယ်ပွင့် ကစားသမား လမိုင်းယာမယ်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် ယူရို သန်း ၂၃၀ ထိ ပေးချေကာ ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပီအက်စ်ဂျီ အသင်းသည် နည်းပြ အင်းဒရစ်ကို ခန့်အပ်ခဲ့ပြီးနောက် ကာလရှည်အလိုရှိနေသည့် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သဖြင့် ယခုအခါ နည်းပြ အင်းဒရစ် အလိုရှိသည့် လမိုင်းယာမယ်ကိုလည်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စတင်ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘာစီလိုနာ အကယ်ဒမီ ထွက် ကစားသမားများမှ တစ်ဦး အပါအဝင်ဖြစ်သည့် လမိုင်းယာမယ်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က စတင်ပြီး ဘာစီလိုနာအသင်း အပြင် စပိန်အသင်းတွင်ပါ အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူ ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် လမိုင်းယာမယ်သည် ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားများအနက် အကောင်းဆုံးကစားသမားတစ်ဦး ဖြစ်ပြီး ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ဘာစီလိုနာအသင်း ထိပ်တန်းကစားသမားတစ်ဦးဖြစ်သည့် နေမာကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရို ၂၂၂ သန်းဖြင့် ခေါ်ယူခဲ့ပြီး လက်ရှိအချိန်ထိ စံချိန်တင်ပြောင်းရွှေ့ကြေးအဖြစ် ရပ်တည်နေပြီး ယခုအခါ လမိုင်းယာမယ်ကို ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရို သန်း ၂၃၀ ထိ ပေးချေကာ ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

အနုသုခုမပညာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ဆောင်ရွက်ကြစို့

အာကာမောင်မောင်

မြန်မာတို့၏အဆို၊ အက၊ အရေး၊ အတီးဟူသော မြန်မာ့ရိုးရာယဉ်ကျေးမှု ပညာရပ်များကို သမိုင်းမှတ်တမ်းများတွင် အစောဆုံးတွေ့ရသည်မှာ ပျူခေတ်ကတည်းက ဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမပညာရပ်များသည် လွန်စွာ သိမ်မွေ့လှသည်။ မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍တည်ရှိနေသော ယဉ်ကျေးမှုဖြစ်သည်။ **ယဉ်ကျေးမှုဟူသောစကားရပ်ကို မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်မှာ "သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့်ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်းစသည်"ဟူ၍ဖွင့်ဆိုထားသည်။** မြန်မာ့ ယဉ်ကျေးမှုပညာရပ်များဖြစ်သော သီဆိုခြင်း၊ ကခုန်ခြင်း၊ သီချင်းရေးသားခြင်း၊ သီချင်းနှင့်တီးလုံးများကို တူရိယာများဖြင့် တီးခတ်ခြင်းတို့မှာ လွယ်ကူလှသောပညာရပ်မဟုတ်ပေ။ လွန်စွာခက်ခဲလှသည်။ သင်ကြားပေးသူက သင်ကြားပေးတိုင်း သင်ယူသူကမကြိုးစားလျှင် တတ်မြောက်ခြင်းရှိမည်မဟုတ်ပေ။

ထို့ကြောင့်ရှေးစာဆိုများက "သင်တိုင်းမတတ်တဲ့သည်ပညာ၊ ပါရမီရှိမှသာ"ဟုဆိုထားသည်။ ပါရမီဆိုသည်မှာလည်း သူ့မျိုးရိုးနှင့်သူဆက်နွယ်လာခြင်းဖြစ်သည်။ ပါရမီရှိတိုင်းလည်း ဝါသနာရှိမှ တတ်မြောက်လွယ်ပေမည်။ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးမှန်သမျှတွင်စည်းနှင့်ဝါးသည်အခြေခံဖြစ်သည်။ စည်းနှင့်ဝါးကို မဏ္ဍိုင်ထား၍လုပ်ဆောင်ရခြင်းဖြစ်သည်။ ဆိုလိုချင်သည်မှာ တီးချင်သလိုတီး၊ ဆိုချင်သလိုဆို၊ စည်းမမိ၊ ဝါးမမိပညာရပ်များမဟုတ်ကြောင်းကိုသိစေလိုခြင်းဖြစ်သည်။ ဝန်ကြီးပဒေသရာဇာ ရေးသားခဲ့သော ပုစဉ်းတောင်သံကြိုးဟုခေါ်ဆိုသော "ထံတျာတေရှင်၊ ထံတျာတေရှင်၊ ဒျန့်ဒျန့်ထံတျာတေရှင်" ကြိုးသီချင်းကို စတင်သင်ကြားရသည်။ စည်းဝါးကျန စနစ်တကျအခြေခံသင်ယူပြီးမှ သီတာသီတာ အစချီ ကလပ်ကြီးကြိုး၊ သာယာသာယာအစချီသော ကလပ်ငယ်ကြိုးတို့ကိုတစ်ဆင့် သင်ယူကြရသည်။ ကြိုးသီချင်း ၁၃ ပုဒ်ကို အခြေခံသင်ရိုးအဖြစ် သတ်မှတ်ထားပြီး တတ်မြောက်အောင် သင်ယူကြရသည်။

ထိုမှတစ်ဆင့် ဘွဲ့သီချင်းများ၊ သီချင်းခံများ၊ ပတ်ပျိုးသီချင်းများ၊ ယိုးဒယားသီချင်းများ၊ မွန်သီချင်းများ၊ လေးထွေသံကပ်၊ မြင်းခင်း၊ လောကနတ်ချင်း၊ ဒိန်းသံ၊ ကရင်ဩသံ၊ ဘောလယ်၊ တေးထပ်စသည်ဖြင့် သင်ယူကြရသည်။ မဟာဂီတသီချင်းကြီးများသည် သာယာနာပျော်ဖွယ်ကောင်းလှသည်။ ထို့အတူ အကပညာရပ်မှာလည်း ခက်ခဲသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက်ကိုလှုပ်ရှားရသည့် ကဗျာလွတ်သည်အက၏ အခြေခံ ဖြစ်သည်။ အကမှာလည်းစည်းနှင့်ဝါးကိုအခြေခံပြီးစည်းမိ၊ ဝါးမိအောင် ကကြရသည်။ သီချင်းရေးခြင်း ဆိုသည်မှာလည်း မိမိ၏စိတ်တွင်ထင်သမျှ ရေးသား၍ရသည်မျိုးမဟုတ်ပါ။ သီချင်းသည် ကဗျာနှင့် ဆက်နွယ်သည်။ သီချင်း၏အဆုံးပိုဒ်များမှာ ချသံများ ညီကြရသည်။ ဥပမာအားဖြင့် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဟူသော သီချင်းတွင် သီချင်းအပိုဒ်ဆုံးတိုင်းတွင် "အီ" ကာရန်နှင့်ဆုံးထားသည်။ ဆိုလိုသည်မှာ စည်းကမ်းနည်းလမ်းနှင့် စနစ်တကျရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များဖြစ်ကြောင်း သာဓကပြလိုခြင်းဖြစ်သည်။ ခက်ခဲနက်နဲ၍အဓိပ္ပာယ်ပြည့်ဝလှသော ဤအနုသုခုမပညာရပ်ကို မြန်မာတို့ပိုင်ဆိုင်ထားခဲ့သည်မှာ ပျူခေတ်မှ ယနေ့တိုင်ဖြစ်သည်။

လွန်ခဲ့သည့် ၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များမပေါ်ပေါက်သေးသည့်အတွက် အနုပညာကို ထွန်းထွန်းပေါက်ပေါက် သင်ယူလိုပါက မိမိနှင့် နီးစပ်ရာ ဆရာများထံတွင် သွားရောက်သင်ယူကြရသည်။ အနုပညာတွင် တတ်မြောက်သော်လည်း အနုပညာနှင့်ပတ်သက်၍ ဘွဲ့ရသူမရှိခဲ့ချေ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း အချိန်ကာလများတွင် နိုင်ငံတော်က တက္ကသိုလ်များ မြောက်မြားစွာဖွင့်လှစ်ပေးခဲ့ရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များကို ရန်ကုန်နှင့်မန္တလေးတို့တွင် ဖွင့်လှစ်ပေးခဲ့သည့်အတွက် အနုပညာပိုင်းဆိုင်ရာ ဘာသာရပ်နှင့်ဆိုင်သော ဘွဲ့ရ များပေါ်ထွန်းလာသည့်အပြင် ပါရဂူဘွဲ့များထိ ရရှိကြသည်မှာ လွန်စွာဝမ်းသာဖွယ်ကောင်းလှသည်။ ယနေ့ လူငယ်မျိုးဆက်သစ်များအတွက် အလွန်ပင် အဆင်ပြေပြေရှိလှသည်။ ယခုဆိုလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နယ်ပယ် တွင် ပညာရှင်များလည်း များစွာပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

> **❖ ပြည်ထောင်စုတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသူများဖြစ်သည်။ ထို့ပြင် ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်များကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်ဌာထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့ကြောင်းကို သမိုင်းအထောက်အထားများအရ သိရှိကြပြီးဖြစ်သည်။ အဆိုပါ မြန်မာ့ရိုးရာယဉ် ကျေးမှုများကို လူငယ်မျိုးဆက်သစ် အဆက်ဆက်က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။ ❖**

ယခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက် စွာ ကျင်းပလျက်ရှိသည်။ ဖွင့်ပွဲအခမ်းအနားကို ရုပ်မြင်သံကြားများနှင့်ရေဒီယိုများမှတိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။ ယနေ့လူငယ်မောင်မယ်များ၏ရိုးရာယဉ်ကျေးမှု မြန်မာ့အနုသုခုမပညာရပ်များကို စိတ်ဝင်စားစွာသင်ယူထားကြသည်မှာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ အရိုးကို အရွက်မဖုံးစေဖို့အတွက် ယဉ်ကျေးမှုကဏ္ဍကို မျိုးဆက်သစ်လူငယ်များ ပိုင်ပိုင်နိုင်နိုင်ဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွဲကျင်းပနိုင်ခြင်းကြောင့် မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့်အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်သည်။ အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့်ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့်မျိုးနွယ်စုကြီးများ အတူတကွပေါင်း စည်းထားသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှု ဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုဖြစ်သည်။

တိုင်းရင်းသားအားလုံး၏ အကများမှာ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသကဲ့သို့ ရှိသော်လည်း အားလုံးတွင်တူညီသည်မှာ "စည်းနှင့်ဝါး"ကို အခြေခံသည့် "ခေါင်း၊ ခါး၊ ခြေ၊ လက်" အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြရခြင်းမှာ တူညီသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားအားလုံး၏ အကများသည် တူညီသည့် အခြေခံအတွင်း၌ ဆင့်ပွားတည်ရှိနေခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသူများဖြစ်သည်။ ထို့ပြင်ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်များကို စိုက်ထူနိုင်ခဲ့ သည့်အပြင် ကမ္ဘာ့အလယ်ဌာထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့ကြောင်းကို သမိုင်းအထောက်အထားများအရ သိရှိကြပြီးဖြစ်သည်။ အဆိုပါမြန်မာ့ရိုးရာယဉ် ကျေးမှုများကို လူငယ်မျိုးဆက်သစ် အဆက်ဆက်က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။ ထိုသို့စောင့်ရှောက်နိုင်စေရန်အတွက် နိုင်ငံတော်အဆင့်ပြိုင်ပွဲများ ကျင်းပပေးနေခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးနေခြင်းနှင့်အတူ ထူးချွန်သူများကို ထိုက်တန်စွာ ဆုများချီးမြှင့်ပေးအပ်လျက်ရှိသည်။ ယခင်နှစ်က ကျင်းပခဲ့သည့် ငွေရတုပြိုင်ပွဲကြီး၏ အဖွင့်အခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသောဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာ တေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းမှာလည်း ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြု တင်ဆက်ပြသခြင်းပင်ဖြစ်သည်။

အနုသုခုမပညာရပ်များမှာ လူသားတို့၏စိတ်ကို ချမ်းမြေ့စေသည်။ အေးချမ်းတည်ငြိမ်စေသည်။ ဒေါသကိုပြေပျောက်စေသည်။ မေတ္တာတရားတို့ ထားရှိလာနိုင်သည်။ အနုသုခုမပညာရပ်ကို စိတ်ဝင်စားစွာ သီဆိုတီးမှုတ်ကခုန်နေသူ၊ သီချင်းရေးသားသူတို့စိတ်နှလုံးတွင် အနုပညာအတွေးအမြင်များ ထိုးဖောက်ဝင်ရောက်နေရာ အကုသိုလ်စိတ်များ ကင်းရှင်းနေသည်ဟု ဆိုနိုင်သည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်၏ဦးဆောင်မှုနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည့်အတွက် အနုသုခုမဝါသနာရှင် ရွက်ပုန်းသီးများပေါ်ထွန်းလာပြီးသူတို့သည် နောက်တစ်နေ့တွင်ပညာရှင်များဖြစ်လာကြပေမည်။ ထိုသို့ ဖြစ်လာကြစေရန်လည်းဖွဲ့၊ လုံ့လ၊ ဝီရိယနှင့်ကြိုးစားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများအပေါ် ပြည်ပမှ သရုပ်ပျက်ယဉ်ကျေးမှုများ လွှမ်းမိုးမလာစေရေးအတွက် မျိုးဆက်သစ်တို့က တာဝန်ယူတိုက်ထုတ်နိုင်ရမည်ဖြစ်သည်။ အရိုးကို အရွက်မဖုံးစေနှင့်ဟူသော မှာကြားချက်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို အခြားသော တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးခြင်း၊ ရောယှက်ခြင်းမခံစေရန်အတွက် သတိပေးမှာကြားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် ရှိနေသည့်အတွက် တိုင်းရင်းသားလူမျိုးအချင်းချင်း အနုသုခုမပညာရပ်များဖြင့် ကူးလူးဆက်နွယ်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိနေမှလည်း မြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် နှစ်ပေါင်းများစွာ တည်တံ့နေမည်ဖြစ်သည်။

ထို့ကြောင့်အနုပညာဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပျက်စီးစေဘဲ စည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသော မျိုးဆက်သစ်များ၊ ပညာရှင်များ အားလုံး မိမိတို့တတ်ကျွမ်းထားသောအနုသုခုမပညာရပ်ဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ

ဖိုးဝရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖိန့်ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် အောက်တိုဘာ ၉

ဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖိန့် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၇ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဖိန့် ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ထံမှ သိရသည်။

အဆိုပါ ဖိန့် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) နှင့် တွဲဖက်ဒါရိုက်တာ အိ (အရုဏ်ဦး)တို့က ဖိုးဝ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာတော့ နေဝင်းကို လူတွေကို ဖိန့်နဲ့လိမ်စားနေတဲ့ ဘိုးတော် ဒေဝကျော်ခေါင် အဖြစ် မြင်ရမှာဖြစ်ပါတယ်။ မေမြင့်မိုရ်ကိုတော့ ဒီဇာတ်ကားမှာ လူ့ဘဝက အငြိုးတွေကို ကလဲ့စားချေချင်စိတ်နဲ့ မကျွတ်မလွတ်နိုင်ဘဲ ခြောက်လှန့်နေ့တဲ့ ဝိညာဉ်မလေး ဆောင်းရတီနွယ်အနေနဲ့ မြင်ရမှာပါ။ လူတကာကို ဖိန့်နေတဲ့ ဒေဝကျော်ခေါင် တစ်ယောက် တကယ့်ဝိညာဉ်စစ်စစ် ဆောင်းရတီနွယ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံသွားတဲ့အခါ ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာ ရုံတင်တဲ့အခါ စောင့်ကြည့်အားပေးကြပါအုံး" ဟု ကိုဇော် (အရုဏ်ဦး)က ပြောပြသည်။

ဖိန့် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ မင်းဘုန်းမြတ်၊ မင်းဟိဏ်း၊ မိုးဒီ၊ ရဲမွန်၊ ဆင်မ၊ ဇင်မျိုး၊ နေလင်း၊ သွက်လက်၊ ဂျက်လီ၊ သီဟ၊ မေမြင့်မိုရ်၊ ခြူးလေး၊ ဝါဝါအောင်၊ စိုးမိုးကြည်၊ သန်းသန်းစိုး၊ တင်ဇာဝင်းပြည့် စသည့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Carousel ဒရာမာရုပ်ရှင်ဇာတ်ကား၌ မင်းသား ခရစ္စပိုင်းနှင့် မင်းသမီး ဂျန်နီစလိတ်တို့ ပါဝင်

နယူးယောက် အောက်တိုဘာ ၉

Carousel အမည်ရှိ ဒရာမာ ဇာတ်ကား၌ မင်းသား ခရစ္စပိုင်းနှင့် မင်းသမီး ဂျန်နီစလိတ်တို့ ပါဝင်သရုပ်ဆောင် ထားကြောင်း အောက်တိုဘာ ၈ ရက် သတင်းများ အရ သိရသည်။

Carousel ဇာတ်ကားကို စာရေးဆရာမ ဒါရိုက်တာ ရာချယ်လမ်းဘတ်က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်သည်။

Carousel ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ရာချယ်လမ်းဘတ်ကပင် တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် Carousel ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

Carousel ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများမှာ ပြီးခဲ့သည့်လကပင် အိုဟိုင်းအိုးပြည်နယ် ကလီးဗဲလန့်မြို့၌ ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

Carousel ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

သီတင်းကျွတ်ပွဲခင်းသဘင်ဖျော်ဖြေပွဲကို ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်တွင် အောက်တိုဘာ ၁၉ ရက်တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၉

သီတင်းကျွတ်ပွဲခင်းသဘင်ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်တွင် အောက်တိုဘာ ၁၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ သီတင်းကျွတ်ပွဲခင်း သဘင်ဖျော်ဖြေပွဲတွင် ဦးဆောင်တင်ဆက်မည့် သဘင်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းထံမှ သိရသည်။

အဆိုပါ သီတင်းကျွတ် ပွဲခင်းသဘင်ဖျော်ဖြေပွဲတွင် ဝါရင့်သဘင်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းနှင့် သဘင်မင်းသားများဖြစ်ကြသည့် မင်းသားဆန်းမင်းအောင်၊ ဘွန်း၊ ဖူးချစ်တို့နှင့်အတူ သဘင်မင်းသမီးများဖြစ်ကြသည့် မင်းသမီး ချမ်းချမ်းမိုး၊ ဆန်းရွှေစင်၊ သင်ဇာရဲဝင်း၊ မေမြတ်နိုးခင်၊ယောကျာ်မင်းသမီး လင်းလက်အောင်တို့က သဘင်သမားစဉ်အတိုင်း ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်ပွဲခင်း အမည်နဲ့သဘင်ဖျော်ဖြေရေး အစီအစဉ် အနေနဲ့ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမမှာ အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီကနေ ည ၇ နာရီထိ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ သဘင်သမားစဉ်အတိုင်း နှစ်ပါးခွင်ကို မင်းသား၊ မင်းသမီး၊ လူရွှင်တော်တွေနဲ့ ဖျော်ဖြေတင်ဆက်ပေးမှာပါ " ဟု သဘင်မင်းသားကြီး တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အဆိုပါ သီတင်းကျွတ် ပွဲခင်း သဘင်ဖျော်ဖြေပွဲတွင် သဘင်မင်းသား၊ မင်းသမီးများနှင့်အတူ လူရွှင်တော် မေတ္တာမြင့်မြတ်ဟိန်းနှင့် ဘူးသီးတို့ကလည်း ပါဝင်ပံ့ပိုးဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

Souvenir ဟာသရုပ်ရှင်ဇာတ်ကား၌ မင်းသား အားရစ်ဘာရီမင်း၊ မင်းသမီး ရှုဘီခရစ်နှင့်ဂျာနင်းဂါရိုဗာလိုတို့ ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၉

Souvenir အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား အားရစ်ဘာရီမင်း၊ မင်းသမီး ရှုဘီခရစ်နှင့် ဂျာနင်းဂါရိုဗာလိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

Souvenir ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ဒေးဗစ်ကတ်ဘာရီရာစပင်ဆာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ ဒေးဗစ်ကတ်ဘာရီရာ စပင်ဆာအတွက် ပထမဆုံး ဒါရိုက်တာလက်ရာ ဇာတ်ကားလည်း ဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိတွင် Souvenir ဇာတ်ကားကို နယူးယောက်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Souvenir ဇာတ်ကားသည် သူစိမ်းတစ်ဦး၏ ပျောက်ဆုံးနေသော ပိုက်ဆံအိတ်ကို အဆိုပါ သူစိမ်းထံပြန်ပေးရန် ကြိုးစားစဉ် မမျှော်လင့်ဘဲ ပေါ်ထွက်လာသည့် စွန့်စားခန်းများဖြင့် ကြုံတွေ့ခဲ့ရသော သူငယ်ချင်းနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အကောင်းဆုံးနိုင်ငံတကာဇာတ်ကားဆုအတွက် Black Rabbit, White Rabbit ကို တာဂျစ်ကစ္စတန်နိုင်ငံက ရွေးချယ်တင်သွင်း

ဒှရန်ဘီ အောက်တိုဘာ ၉

၉၈ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုအတွက် Black Rabbit, White Rabbit ဇာတ်ကားကို တာဂျစ်ကစ္စတန်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

Black Rabbit, White Rabbit ဇာတ်ကားသည် အီရန် ဒါရိုက်တာ ရှားရမ်းမိုကရီရိုက်ကူးထားသည့် လျှို့ဝှက်ဆန်းကြယ် ဒရာမာဇာတ်ကားဖြစ်သည်။

တာဂျစ်ကစ္စတန်နိုင်ငံသည် အဆိုပါဇာတ်ကားကို ဘူဆန်နိုင်ငံ တကာရုပ်ရှင်ပွဲတော်၌ ပြသခဲ့ရာ Vision Asian Award ဆုကို ရရှိခဲ့ပြီး ၎င်းဇာတ်ကားကို BFI လန်ဒန် ရုပ်ရှင်ပွဲတော်နှင့် ချီကာဂိုနိုင်ငံ တကာ ရုပ်ရှင်ပွဲတော်တို့၌လည်း ပြသရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် တာဂျစ်ကစ္စတန်နိုင်ငံက အော်စကာ ရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာဆုအတွက် တင်သွင်းခဲ့သော စတုတ္ထမြောက် ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives Minister of Foreign Affairs of Malaysia



Senior General Min Aung Hlaing receives Minister of Foreign Affairs of Malaysia H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan.

Nay Pyi Taw October 9

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing received the Minister of Foreign Affairs of Malaysia H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan at Tatmadaw Guesthouse in Nay Pyi Taw this morning.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo and SSPC member Union Minister for Foreign Affairs U Than Swe. The Malaysian Foreign Minister was accompanied by the Special Envoy of the Rotating Chairman of ASEAN to Myanmar H.E. Tan Sri Othman Hashim and officials.

During the discussions, the Malaysian FM expressed pleasure to witness the preparations for the multi-party democracy general election in Myanmar. He said the ASEAN will render cooperation for Myanmar's endeavours to be the best, saying that he would like to suggest an inclusive election. Election observer teams will also be sent.

In his discussion, the Senior General said it's a pleasure that the Malaysian FM visited Myanmar to hold talks. Myanmar has already informed about the holding of a multiparty democracy general election in 2024. The government made arrangements for the persons with different political views and political parties to have time for preparations and for political parties to register themselves in accord with the law. In the coming election, 57 eligible parties will take part in the election and the number of candidates exceeds 5,000. Peace overtures have been extended for EAOs to join in the political process. Ceasefire announcements were declared 27 times during the time from 2018 to this date. Likewise, persons who are committing terrorist acts due to political disagreements were invited to join in the political process three times. NCA anniversary will be held on 15 this month, and leaders of the NCA signatories, some leaders of non-signatories and international witnesses will take part in it.

Afterward, both sides cordially exchanged views on Myanmar's political developments, the use of Myanmar electronic voting machines (MEVM), holding a phase-by-phase election, invitation of observer teams from neighbouring countries and international community, Myanmar's uninterrupted democratization process after the election, Myanmar's ongoing positive cooperation in the ASEAN and its cooperation in humanitarian aid programs, and promotion in international cooperation.

100

Israel, Hamas prepare to implement Gaza ceasefire agreement

Gaza October 9

Israel and Hamas are preparing to implement a Gaza ceasefire agreement, with an official signing ceremony expected later Thursday in Egypt's Sharm el-Sheikh following three days of intensive negotiations mediated by Egypt, Qatar, Türkiye and the United States, according to Palestinian and Israeli sources.

Senior Hamas official Osama Hamdan told Qatar's Alaraby Television Network in an interview on Thursday that the ceasefire will take effect immediately upon Israeli government approval.

The first phase of the agreement includes Israeli withdrawal from "Gaza City, the north, Rafah, and Khan Younis, and the opening of five crossings for the entry of humanitarian aid," with international agencies overseeing aid distribution, he said.

"Drone operations in the Gaza Strip's airspace will cease during the prisoner release process," which will involve "250 Palestinian prisoners serving life sentences and 1,700 other prisoners," he added.

Informed Palestinian sources told Xinhua that Hamas has already provided mediators with prisoner lists "according to agreed criteria," awaiting final approval.

Zaher Jabarin, head of Hamas's Martyrs and Prisoners' Affairs Office, confirmed the movement "has fulfilled its part and will announce the names once procedures are completed."

A Hamas official told Xinhua that the final negotiation sessions "resolved all pending issues after long discussions on withdrawal maps, prisoner guarantees, and humanitarian aid mechanisms," noting the Rafah crossing will later reopen in both directions for medical transfers.

Xinhua

Roundup: U.S. gov't shutdown enters 2nd week, with no end in sight

Washington October 9

The U.S. federal government's shutdown entered its second week on Wednesday, with no end on the horizon as the Senate was unable to reach an agreement to reopen it.

On the day, two bills to fund the government -- one from Democrats and the other from Republicans -- failed to pass for the sixth time.

House Speaker Mike Johnson, the top Republican in the lower chamber, said that Senate Democrats should back the GOP stopgap measure to reopen the government.

The two parties continued to trade blame for the impasse.

"Washington Democrats voted for this government shutdown -- and it's families, workers, and small businesses who are being forced to pay the price," Johnson said Wednesday on X.

Senate Minority Leader Chuck Schumer, the top Democrat in the upper chamber, said on X that "The government is shut down because Trump and the Republicans are hellbent on taking health care away" from Americans, and that Republicans "won't even come to the table to talk to us about it."

Top Republicans are standing firm that there is nothing to negotiate on health care before reopening the government.

Roughly 750,000 federal workers are expected to be furloughed during this shutdown, according to an analysis by Congressional Budget Office last week.

U.S. President Donald Trump has threatened to terminate the employment of federal workers and cut programs if the shutdown continues. He said Tuesday that some furloughed federal employees may not receive back pay once the government reopens.

Xinhua

A woman walks past a notice of closure of the National Gallery of Art in Washington, D.C., the United States, Oct. 5, 2025.

Pwintbyu Township to grow more than 1,000 acres of chilli this cold season

A thriving chilli plantation.

Pwintbyu October 9

A plan is underway to grow 1,285 acres of chilli as cold season crops in Pwintbyu Township of Magway Region this year, according to the township Agriculture Department.

A total of 1,285 acres of dried chili are planned in Pwintnyu Township of Magway Region for cultivation during this year's winter crop season, and local farmers will begin planting from October to December to meet the targeted acreage, according to reports.

"In the coming winter crop season, 1,285 acres of dried chili are planned for cultivation in Pwintbyu Township. Efforts will be made to meet the targeted acreage. Farmers will also be supported in expanding cultivation, using quality and pure seeds to ensure good yields, and adopting GAP (Good Agricultural Practices) methods. Awareness activities will be carried out to promote cultivation with minimal chemical residue for food safety and in line with health standards," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

This winter crop season, the Pwintbyu Township Agriculture Department will provide training on GAP-based farming techniques to ensure quality crop production and improved yields, share knowledge on producing crops that meet health standards, and assist farmers in accessing high-yield varieties.

If farmers can cultivate dried chili to achieve better yields and quality, it will not only meet local consumption needs but also allow the surplus to be sold, generating income and improving socio-economic conditions. Therefore, dried chili cultivation should be further expanded across regions, said Daw Moe Moe Wai, the Township Head.

Ye Win Naing (NyaungU)

Betel leaves in high demand in Hinthada Township

Hinthada October 9

Trading of betel leaves is in high demand at the domestic market in Hinthada Township of Ayeyawady Region, said Daw Hla Htay, the owner of betel leave trading commodity in Hinthada Township.

In Hinthada Township, demand for locally produced betel leaves has been strong from the first week of September up to the present, resulting in brisk trade. Daily sales of these local betel leaves are reported to range between 5,000 viss and 7,000 viss.

"Currently, betel leaves are selling well in the local market. The price has reached up to K9,900 per viss. Demand is strong not only locally but also from other regions, which is why sales are good. Betel leaf traders here deliver orders directly to buyers in other areas. There are no difficulties in trading local betel leaves," said Daw Hla Htay.

Betel leaf traders in Hinthada Township are systematically packaging and transporting local betel leaves to other regions. With trade activity increasing, farmers, merchants, trading center owners, and workers are all benefiting.

Kyaw Kyaw Lin

Betel leaves available at a local market.

Kangyidaunt Township cultivates over 100,000 acres of rainfed paddy in this year's rain crops planting season

Kangyidaunt October 9

A total of 135,232 acres of paddy has been planted in this year's rain crops planting season in Kangyidaunt Township, Pathein District, Ayeyawady Region, said Daw Aye Aye Mu, head of the Department of Agriculture for Pathein District.

In Kangyidaunt Township, 143,971 acres of paddy planned to be planted in this year rain crops planting season had been planted since the first week of May, and 135,232 acres of paddy have been planted to date.

"The entire township will plant more than 143,000 acres of rainfed paddy. The Department of Agriculture is preparing technical assistance to ensure that rainfed paddy is planted without difficulty, such as field demonstrations of soil improvement, snail control, and fertilizer application systems. This year's paddy planting season will focus on quality and marketable varieties of paddy," she said.

In Kangyidaunt Township, the Department of Agriculture, the Administration Body, the Irrigation and Water Utilization Management Department, and the Department of Agricultural Mechanization are working together to ensure that rice is planted in this rainy season without any difficulties. KKL

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Pawsan rice in high demand at the domestic market in Pathein

Pathein October 9

Trading of Pawsan rice is booming at the domestic market with high demand in Pathein Township of Ayeyawady Region, said Daw Thuzar Win, the owner of rice and paddy trading in Pathein Township.

In the Pathein rice and paddy trading market, demand for Pawsan rice varieties has risen since the first week of September this year, resulting in strong trade activity. The increase in demand is reportedly driven by purchases from the domestic market.

"Right now, in the local market, demand for Pawsan rice is stronger than for other rice varieties. Purchases started picking up in the first week of this month. The Yangon market is also buying Pawsan rice, which has boosted trading activity. Domestic demand is increasing because rice-related businesses have resumed operations. With trade improving, those who store rice and paddy are especially benefiting," said Daw Thuza Win.

In the Pathein rice and paddy market, Pawsan rice is currently fetching up to K124,000 per bag (24 baskets). With demand rising, those storing rice and paddy, traders, transport operators, and laborers are reportedly enjoying better job opportunities and income.

Kyaw Kyaw Lin

A stockpile of bags of Pawsan rice.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တရုတ်နိုင်ငံက တူကီယဲထုတ် Bayraktar TB2 ဒရုန်းကိုယှဉ်ပြိုင်ရန် AVIC CH-3D တိုက်ခိုက်ရေးဒရုန်းကိုစမ်းသပ်ခဲ့

တရုတ်နိုင်ငံသည် တူကီယဲထုတ် Bayraktar TB2 ဒရုန်းနှင့်ယှဉ်ပြိုင်ရန် အလယ်အလတ်အမြင့် လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်သော(MALE) AVIC CH-3D တိုက်ခိုက်ရေးဒရုန်းကို ပျံသန်းစမ်းသပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ လူမှုကွန်ရက်မီဒီယာ Weibo မှ ပြန်လည်မျှဝေထားပြီး AVIC ကော်ပရေးရှင်း၏ စမ်းသပ်ပစ်လွှတ်ရေးစခန်းတစ်ခုတွင် ရိုက်ကူးခဲ့သည်။ AVIC CH-3D တိုက်ခိုက်ရေးဒရုန်းတွင် ဆက်သွယ်ရေးအကာအရံနှင့် အတွင်းခေါက်သိမ်းနိုင်သောဆင်းသက်ရန် ဘီးစနစ်များကို မီးမောင်းထိုးပြထားသည်။ CH-3D တိုက်ခိုက်ရေးဒရုန်း၏ အင်္ဂါရပ်များက တူကီယဲနိုင်ငံ၏ စစ်မြေပြင်တွင် အသုံးပြုပြီးဖြစ်သည့် Bayraktar TB2 ဒရုန်းနှင့် စွမ်းဆောင်ရည်တူ ဒရုန်းအမျိုးအစားအဖြစ် နေရာယူလာနိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံထုတ် CH-3D တိုက်ခိုက်ရေးဒရုန်းသည် ပျံသန်းနိုင်သည့်ကြာချိန် နာရီ ၂၀ ခန့်ပျံသန်းနိုင်သည့် အများဆုံးအမြင့် မီတာ ၇၂၀၀ နှင့် အလျင်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၂၈၀ ခန့်ရှိသည်ဟုဖော်ပြထားပြီး တိကျပဲ့ထိန်းဗုံးများနှင့် ပဲ့ထိန်းဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

တစ်ဖက်တွင်မူ တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၇၀၀ ရှိ စစ်ဘက်သုံးတိုက်ခိုက်ရေးဒရုန်းဖြစ်ပြီး ပျံသန်းနိုင်သည့်ကြာချိန် ၂၇ နာရီထိနှင့် သယ်ဆောင်နိုင်သော လက်နက်အလေးချိန် ကီလိုဂရမ် ၁၅၀ ရှိသည်။

CH-3D တိုက်ခိုက်ရေးဒရုန်း၏သတင်းကြီးစေသော အဓိကကွဲပြားခြားနားချက်များမှာ ဂြိုဟ်တုဆက်သွယ်ရေးစနစ်နှင့် အတွင်းသိမ်းနိုင်သော ဆင်းသက်ရန် ဘီးစနစ်တို့ဖြစ်သည်။ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် အရေးကြီးသည့်အချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်းကိုထိန်းချုပ်သည့် မြင်ကွင်း တိုက်ရိုက်ဆက်သွယ်ရေးစနစ်မှ ကျော်လွန်လုပ်ဆောင်နိုင်သည့်အတွက် ဖြစ်သည်။ ထို Line-of-Sight စနစ်သည် တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်း၏ လုပ်ငန်းဆောင်ရွက်မှုကို မြေပြင်ထိန်းချုပ်ရေးစခန်းမှ ကီလိုမီတာ ရာဂဏန်းခန့် အကွာအဝေးတွင် ကန့်သတ်ထားသည်။ လက်တွေ့တွင် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကင်းလှည့်ဇရိယာများကို ချဲ့ထွင်ပေးသည်။ စစ်မြေပြင်တစ်လျှောက် တာဝန်ပေးအပ်ခြင်းကို ဖြစ်မြောက်စေသည်။ ထို့ပြင် အဆင့်ဆင့်အချက်ပြပေးပို့ရခြင်းကြောင့် ဖြစ်ပေါ်လာသော တိုက်ခိုက်ဖျက်ဆီးခံရနိုင်ခြေကို လျှော့ချပေးသည်။ အတွင်းခေါက်သိမ်းနိုင်သော ဆင်းသက်ရန်ဘီးသည် လေတိုက်ခတ်မှုကိုလျှော့ချပေးပြီး လောင်စာ တစ်ကီလိုဂရမ်လျှင် ပျံသန်းမှုပိုမိုထိရောက်စေကာ ပိုမိုကြာကြာ တာဝန်ထမ်းဆောင်နိုင်စေသည်။

ပိုမိုမြန်ဆန်သော ပျံသန်းမှုအလျင်နှုန်းသည် တရုတ်နိုင်ငံထုတ် CH-3D တိုက်ခိုက်ရေးဒရုန်းကို ပစ်မှတ်နယ်မြေများနှင့် ရာသီဥတုဆိုးရွားသော နယ်မြေများကြား လျင်မြန်စွာနေရာပြောင်းရွှေ့စစ်ဆင်နိုင်ရန် အထောက်အကူပြုပြီး တာဝန်ထမ်းဆောင်ချိန်ကို အရေးကြီးသောနေရာများတွင် ပိုမိုကြာမြင့်စွာ လုပ်ဆောင်နိုင်စေမည်။

တူကီယဲနိုင်ငံထုတ် Bayraktar TB2 ဒရုန်းသည် မြေပြင်စစ်ပွဲများအတွက် စိတ်ချရသော တိုက်စွမ်းအားကို ပေးအပ်နိုင်သည်ဆိုပါက တရုတ်နိုင်ငံထုတ် CH-3D တိုက်ခိုက်ရေးဒရုန်းသည် ပိုမိုဝေးကွာသောထိန်းချုပ်မှုများနှင့် မြေပြင်-ရေပြင်ရောနှော၍ စစ်ဆင်ရေးတာဝန်များ လိုအပ်သောနိုင်ငံများအတွက် စစ်မြေပြင်တစ်ခွင် လှည့်လည်လုပ်ဆောင်နိုင်သော ဒရုန်းယာဉ်ဖြစ်လာရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

China tests CH-3D armed drone to challenge Turkey's Bayraktar TB2 in global market. ကို ဘာသာပြန်ဆိုထားပါသည်။

မြောက်ကိုရီးယားနိုင်ငံက ရုရှားထုတ် Pantsir လက်နက်ပုံစံတူ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို မိတ်ဆက်ပြသခဲ့

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံထုတ် Pantsir လက်နက်စနစ်ပုံစံတူ လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက ကျင်းပခဲ့သော ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၅ ပြပွဲမှ ထုတ်ဖော်ပြသခဲ့သော အဆိုပါစနစ်သည် ရုရှားနိုင်ငံထုတ် Pantsir လေကြောင်းရန် ကာကွယ်ရေးစနစ်နှင့် လုံးဝနီးပါး ဆင်တူနေသည်ကို တွေ့ရသည်။ သို့သော်လည်း ဘီးတပ်ယာဉ်ကိုယ်ထည်အစား ချိန်းတပ်ယာဉ်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည်မှာ မြောက်ကိုရီးယားထုတ် ယခင်ဒီဇိုင်းများနှင့် သိသာစွာကွဲပြားခြားနားနေသည်။

ထိုကွဲပြားခြားနားမှုသည် အဆိုပါစနစ်ကို ပိုမိုမိုဘိုင်းလ်ဖြစ်စေရန်နှင့် စစ်မြေပြင်တွင် ရှင်သန်ရပ်တည်နိုင်စွမ်း ပိုမိုရရှိစေရန်ရည်ရွယ်ပြီး၊ ပေါင်းစည်းလက်ရုံးတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းကာ တာတိုပစ် လေကြောင်းခြိမ်းခြောက်မှုများကို ကာကွယ်ရန် ဒီဇိုင်းထုတ်ထားကြောင်း ဖော်ပြနေသည်။ ထင်ရှားသည်မှာ မြောက်ကိုရီးယားထုတ် လက်နက်ပုံစံသည် Pantsir လက်နက်စနစ်၏ အလိုအလျောက်ပစ် လေယာဉ်ပစ်အမြောက်များကို ချန်လှပ်ထားခဲ့ပြီး ပိုမိုရိုးရှင်းသောပုံစံဖြင့်အစားထိုးခဲ့သည်။

ယာဉ်၏နောက်ဘက်တွင် ရေဒါစနစ်တစ်ခုကိုတပ်ဆင်ထားပြီး ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၁၂ စင်းထိ သယ်ဆောင်နိုင်သော ဒုံးကျည်ခြောက်လုံးထိုးနှစ်ထပ်ဒုံးပစ်လွှတ်စင်တစ်ခုနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ လက်နက်စနစ်များကို ခေတ်မီစစ်ပွဲ၏ ပြောင်းလဲမှုများအလိုက် ထိထိရောက်ရောက်တုံ့ပြန်နိုင်ရန် ဖော်ထုတ်ခြင်း သို့မဟုတ် တိုးတက်အောင်လုပ်ဆောင်ခြင်းများပြုလုပ်နေပြီး နောက်ဆုံးပေါ် သိပ္ပံနည်းကျတိုးတက်ဖွံ့ဖြိုးမှုများကိုလည်း တက်ကြွစွာမိတ်ဆက်နေပါသည်ဟု မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဒရုန်းတိုက်ခိုက်မှုများကို ပိုမိုခံနိုင်ရည်ရှိစေရန် ၎င်း၏ Pantsir လက်နက်စနစ်အတွက် ချိန်းတပ်ယာဉ်ကိုယ်ထည်ပုံစံများကို တီထွင်နေကြောင်း သတင်းများက ရေးသားဖော်ပြလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားသည် Pantsir လက်နက်စနစ်၏ ရေတပ်သုံးဗားရှင်းများကို လက်ခံရရှိခဲ့ကြောင်း သိရပြီး အစောပိုင်းစနစ်များကို ၎င်းတို့၏ ပထမဆုံးဖျက်သင်္ဘောတွင် တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဤဖွံ့ဖြိုးတိုးတက်မှုများသည် နှစ်နိုင်ငံကြားကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာသည်ကို မီးမောင်းထိုးပြနေပြီး၊ နှစ်ဖက်စလုံးက စစ်ရေးဆက်ဆံမှုမြှင့်တင်ရန် ယခင်ကတည်းက သဘောတူညီခဲ့ကြပြီး လည်းဖြစ်သည်။

မြောက်ကိုရီးယားအရာရှိတစ်ဦးက ရုရှားနိုင်ငံနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်နက်ခိုင်မာမှုနှင့် လုံခြုံရေးအကျိုးစီးပွားများကို ကာကွယ်ရန် ရည်ရွယ်ထားသည်ဟု ပြောကြားခဲ့ပြီး၊ ၎င်းသည် ယူရေးရှားဒေသ (Eurasian region) အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အာမခံချက်ပေးနိုင်သည်ဟုလည်း ထပ်လောင်းပြောဆိုခဲ့ကြောင်း သိရသည်။

North Korea Unveils Own Version of Russia's Pantsir Missile Defense System ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပြောင်း ၂၅၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ကသာ အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်း ၂၅၀၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင်ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်း၆၇၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၈၃ ဧက၊ တစ်ဧကလျှင် အစေ့ထုတ်ပြောင်းတင်းရေ ၄၀ ကျော်နှင့်ဖူးစားပြောင်း ဧက ၁၆၂၀၊ တစ်ဧကလျှင်ပြောင်းဖူးရေ ၁၂၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပြောင်း ၆၇၇၄ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသီးပညာ ပေးတာတွေ ဆောင်ရွက်ပေးခဲ့တယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် မြို့နယ်အလိုက်အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၀၅ ဧက၊ ဖူးစားပြောင်း ၅၁၂ ဧက၊အင်းတော်မြို့နယ်တွင် ဖူးစားပြောင်းဧက ၆၅၀၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၂၇၈ ဧက၊ ဖူးစားပြောင်း ဧက ၁၃၀၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ၃၂၈ ဧက စုစုပေါင်း ၂၅၀၃ ဧကဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ဒေသမရွေးကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပိမျိုးစုံ ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပိမျိုးစုံ ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သြဂုတ်လအတွင်းက ဒေသထွက် ငါးပိမျိုးစုံပိသာချိန် ၈၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးပိမျိုးစုံ ပိသာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပိမျိုးစုံပိသာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ထုတ်လုပ်ထွက်ရှိတဲ့ ငါးခြောက်တွေ၊ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်းအဝယ် ကောင်းလာတာကြောင့် ငါးပိလုပ်ငန်းလုပ်တဲ့သူ တွေအားလုံး အဆင်ပြေလာတာ တွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ်ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံမှာ ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိစသည့် ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ တစ်ပိသာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၄၅၀၀၀ ထိ အမျိုးအစားလိုက် ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပဲခူးမြို့နယ် သုံးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး အောက်တိုဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သုံးအိမ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၂ ဦးကို ငွေကျပ်၄၃ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၆ ဦးကို ရန်ပုံငွေကျပ် ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

အေးမြတ်

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မင်းလှမြို့နယ် ရေခါးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မင်းလှ အောက်တိုဘာ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ရေခါးကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၈ ရက်ကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူ၊ ဦးစီးအရာရှိ ဒေါ်စုမေရီနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေခါးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးကွန်ကရစ်လမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

မင်းလှမြို့နယ် ရေခါးကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့်မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ရေခါးကျေးရွာရှိ အိမ်ခြေ ၂၀၈ အိမ်မှ လူဦးရေ ၉၇၅ ဦးတို့၏ သွားလာရေးလွယ်ကူတော့မည် ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ပြောပြ၍ သိရသည်။

ကိုညို

ကိုဇော်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရိုတံခါးများကိုဖွင့်ထားပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၁) MICC 1 ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလုပ်ရှားမှုအတွက် ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌထံ ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလုပ်ရှားမှုအတွက် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌထံ ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်ပတ်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

ရေးမှူးချုပ်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့် ကလေးများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ တစ်နှစ်အောက်နှင့် ၎င်းနှစ်အောက်ကလေးများသေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့်ကလေး ကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံး ကျန်းမာပြီး သက်တမ်းရှည်စွာ နေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ငါးနှစ်အောက် ကလေးငယ်များအား အဓိလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ် ပညာရေးကဏ္ဍလုပ်ရှားမှုအတွက် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ထံ ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေဆေးခန်းအပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားဖွားခန်းများဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်ခြင်းနှင့် သားဆက်ခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများကို ကိုယ်ဝန် လေးလမှစ၍ လစဉ် အာဟာရယူနစ်နှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး စသည့်ကဏ္ဍကြီးလေးရပ် လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကျန်းမာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်

တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယကဒေါ်သန်းသန်းနွယ်က ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင် စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် နေပြည်တော်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယကဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယကဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့်အစားအစာများ ထောက်ပံ့ပေးပြီး ငါးနှစ်အောက် ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၃ - ၂၀၂၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄ - ၂၀၂၅ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အကြံပြုချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရေ့ဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင် ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူး ကိုယ်စားလှယ် H.E. Tan Sri Othman Hashim နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် ပြင်ဆင်နေမှုများအား တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရန် အကြံပြုပြောကြားလိုပါကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဦးစွာ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ လာရောက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲသူများ၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းငါးထောင်ကျော်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲသူများကြောင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသူများကိုလည်း နိုင်ငံရေးလမ်းကြောင်းပေါ်တွင် ပါဝင်လာနိုင်ရေးအတွက် သုံးကြိမ်ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုလ ၁၅ ရက်နေ့တွင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ NCA လက်မှတ် မရေးထိုးထားရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံတကာမှ အသိသက်သေများ တက်ရောက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံ အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်း ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ NCA စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နေမှု အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုများ၊ နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dato' Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

၁၅၁ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

၁၅၁ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယခုနှစ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို **#POSTFORPEOPLE: Local Service. Global Reach. (ပြည်သူများအတွက် စာပို့တိုက် – ပြည်တွင်းဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)**ဟု ယူပီယူက ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက်တောရွာ မကျန် စာပို့တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ချိတ်ဆက်မှုအတွက် စာပို့တိုက်ဝန်ဆောင်မှုကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့၏ ဆောင်ပုဒ်သည် မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် **"လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)"** နှင့် ကိုက်ညီလျက်ရှိနေကြောင်း၊ ယူပီယူ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုဆောင်ရွက်၍ ခေတ်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာစျေးကွက်သို့ အောင်မြင်စွာ ချိတ်ဆက်နိုင်မှုသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည်ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပခဲ့သည့် ၂၈ ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) ကွန်ဂရက်က ချမှတ်ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုများကိုစာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာနနှင့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက် လုပ်ငန်းတို့က မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip တို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ၅၄ ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ မဝင်းလဲ့ရွှေရည်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ မနှင်းအိရွှေရည်၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ မောင်ဇော်သူရနှင့် အထူးဆုရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ မမိုးပြည့်စုံကြွယ်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးအောင်ကျော်ထွန်းက နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့်အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ၁၅၁ နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျေးဖိုးမှအဆက်

ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) သက်ဆိုင်ရာ ကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို မြို့နယ်အလိုက်ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က)နှင့်အတူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အောက်တိုဘာ ၁၂ ရက် အရောက်ပေးပို့ရန် **အစား** အောက်တိုဘာ ၁၇ ရက်အရောက်ပေးပို့ရန်၊

(ခ) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှလည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူဖြည့်စွက်ပြီး အောက်တိုဘာ ၁၂ ရက်အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန် **အစား** အောက်တိုဘာ ၁၇ ရက်အရောက် ပြန်လည်ပေးပို့ရန်၊

(ဂ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ နောက်ဆုံးထားပေးပို့ရမည့် နေ့ရက်ကို အောက်တိုဘာ ၁၂ ရက် **အစား** အောက်တိုဘာ ၁၇ ရက်ပေးပို့ရန်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ အသိပေးကြေညာချက်မှ

အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းကို **အောက်တိုဘာ ၁၄** ရက်မှ **အောက်တိုဘာ ၂၀** ရက်ထိ **ခုနစ်ရက်** ထပ်မံတိုးမြှင့် ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄ - ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို အောက်တိုဘာ ၂၀ ရက်ထိ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များ

(၉ - ၁၀ -၂၀၂၅)

ချောက်	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မြဝတီ	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
ရေဦး	၃၅	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
တံတားဦး	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
နေပြည်တော်	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ပခုက္ကူ	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၄	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
မကွေး	၃၄	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း လေးနှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ ဖွဲ့စည်းခြင်း လေးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ သန်လျင်တပ်နယ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နယ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲ၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်၏ မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)ကို အထောက်အကူပြုနိုင်ရန် စသည့်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြောင်းအကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်သွားရမည့် တပ်ဖွဲ့ဖြစ်သည်ကို လေးနက်စွာနားလည်သဘောပေါက်ခံယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးအင်အား တောင့်တင်းလာစေရန် တည်ဆောက်ရေး စသည့်လုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထို့ပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များ၌ အဖြူရောင်သံတမန် (White Hull Diplomat) အဖြစ်လည်း ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရန်လိုကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတော်အစိုးရက အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုများ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် တည်ဆဲ ရေကြောင်းဥပဒေများအတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် ဆက်စပ်ကျင့်သုံးရမည့် ရေကြောင်းဆိုင်ရာဥပဒေများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုရာ ပြခန်းအတွင်းခင်းကျင်းပြသထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ဆိပ်ခံဗောတံတားတွင် ဆိုက်ကပ်ထားသည့် ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်ပေါ် တက်ရောက်လေ့လာကြည့်ရှုပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အားလုံး ကမ်းခြေစောင့်တာဝန်ထမ်းဆောင်နိုင်ရေး အမြဲအသင့်ရှိနေစေရေး မှာကြားသည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်များသည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ

ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်း မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် တပ်နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုပြီး သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်တက်လွင်ထွန်းက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ လေးနှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လေးနှစ်မြောက် ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ယာယီခန်းမဆောင်တွင် ကျင်းပရာ ၂၀၂၄ - ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ တစ်နှစ်တာကာလအတွင်း အကောင်းဆုံး လိုင်းဆုနှင့် လိုင်းခန်းဆုများရရှိသော တပ်ဖွဲ့ဝင်များ၏မိသားစုဝင်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံရေးအနှစ်သာရရှိရှိ ခမ်းနားစွာကျင်းပသွားမည်

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်စာချုပ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကကြီးမှူး၍ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MGallery ဟိုတယ်၌ ကျင်းပသည်။

ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က NCA ၁၀နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အဆင်သင့်ဖြစ်နေပြီဟု မျှော်လင့်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့် အနေအထားအား အစမ်းလေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့များ အနေဖြင့် အစမ်းလေ့ကျင့်ရန် လိုအပ်ကြောင်း၊ ပထမပိုင်းတွင် ဖွင့်ပွဲအခမ်းအနားအား ဆောင်ရွက်ပြီး ဒုတိယပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကော်မတီအနေဖြင့်လည်း အခမ်းအနားကျင်းပသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ရေး မြေပြင်တွင် အချိန်ကိုက်ကြိုတင်လေ့ကျင့်ထားသင့်ကြောင်း၊ ခန်းမတွင်းနေရာချထားရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးကို သုံးကြိမ်ကျင်းပဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကော်မတီအစည်းအဝေးကို နှစ်ကြိမ်တိုင်တိုင်ပြုလုပ်၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများက လိုအပ်ချက်များမရှိစေရေး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုပြီး လိုအပ်ချက်များကို အပြီးသတ်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသွားမည်ကြောင်းပြောကြား၍ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားတက်ရောက်သူများအား အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြခန်းတွင် ရှင်းလင်းမည့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ထိထိမိမိ စနစ်တကျ ရှင်းလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြခန်းတွင် ခင်းကျင်းပြသမည့် ဓာတ်ပုံများကို စနစ်တကျ စီစစ်ခင်းကျင်းပြသရန် လိုကြောင်း၊ အခမ်းအနားမှူးများက အစီအစဉ်တကျဖြင့် အချိန်ကိုက်ကြေညာပေးရန် လိုအပ်ကြောင်း၊ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေမည်ဖြစ်သည့်အတွက် ဂရုတစိုက် စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသည် အရေးကြီးသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲတွင် ၁၀ နှစ်တာကာလအတွင်း NCA ပါငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Forward Action Plan)ကို ဖော်ထုတ်ရန်၊ အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာနိုင်စေရေးအတွက် NCA နှင့် ပတ်သက်သည့် အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ထိရောက်သော ငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ဒေသတွင်းနှင့်နိုင်ငံတကာမှ သိမြင်လာစေရန်၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ် မြန်မာနိုင်ငံတော် တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည် ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှအမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ် မြန်မာနိုင်ငံတော် တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည် ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ်တွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တာချီလိတ်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တာချီလိတ်ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာများ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များနှင့် ရဝ်ကွက်၊ ကျေးရွာအုပ်စုစာရေးများ တက်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အခြေအနေများ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ဖြန့်ခွဲထားရှိမှုနှင့် သတ်မှတ်လျှာထားရက်အတွင်း မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ကြီးကြပ်မှုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် မဲရုံမှူး မဲရုံအဖွဲ့ဝင်များ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များကို စုဖွဲ့သင်တန်းပေးလေ့ကျင့်ရမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တွင် တပ်ဆင်အသုံးပြုရမည့် ဘက်ထရီများအားသွင်းမှု နည်းမှန်လမ်းမှန်စွာ ဆောင်ရွက်ရမည့် အခြေအနေများ၊ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏စီစဉ်မှုဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်များ မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစ၍ တစ်နိုင်ငံလုံး ကပ်ထားကြေညာထားပြီး မဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)၊ ပုံစံ(၃-က) များဖြင့် သက်ဆိုင်ရာ ရဝ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လျှောက်ထားနိုင်သည့်အခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးမှုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ပုံစံ(၁၅)ဖြင့် နိုင်ငံပြင်ပရောက်ကြိုတင်ဆန္ဒမဲလက်မှတ်တောင်းခံမှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများကို ချပြရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် စာရင်းဇယားအချက်အလက်များကို Power Point ဖြင့်ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက တင်ပြဆွေးနွေးချက်များ အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆင့်ရရင့် ငယ်လေ (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပပဝင်းဝင်း (ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် မြန်မာအကအခြေခံဗဟုလွတ်အက ပထမအဆင့်ပြိုင်ပွဲကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရှေးမြှာနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်ကဗျာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖူးပြည့်သဇင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုသွယ်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မသွန်းသက်မှူးစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဟန်သီဦးနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းမိုးစက်စက်ဝင်းနှင့် အဖွဲ့၊ ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မယွန်းဝေဝေလွင်နှင့်အဖွဲ့နှင့် မကွေးတိုင်းဒေသကြီးမှ မထွန်းရတနာပိုနှင့်အဖွဲ့တို့က ကဗျာလွတ်ကကြိုး ကကွက်များကို အဖွဲ့လိုက် ညီညာလှပကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာ ယန်းအကကို စံပြအနေဖြင့် ဦးစွာကပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များဖြစ်သည့် မွန်ပြည်နယ်မှ မောင်ထွန်းထွန်းနိုင်နှင့် အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်သန်းထွန်းဦးနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်အောင်လှသိန်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်သန်းကြွယ်လင်းနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မမိုးသဲဖြူထွန်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်လွင်မိုးသူနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မချစ်မြတ်နိုးဇော်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်လင်းမြတ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မောင်စံမင်းသူနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မိုစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဝေစိုးနှင့်အဖွဲ့တို့က "ပြည်ထောင်စုအတွက် သမိုင်းပေးသစ္စာ" သီချင်းတေးသွားနှင့် ထားဝယ်ရိုးရာ ကကြိုးကကွက်များကို ပေါင်းစပ်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ကပြယှဉ်ပြိုင်ကြသည်။

ထို့အတူ အရေးပြိုင်ပွဲကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကျောင်းနေစဉ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လူငယ်ရဲ့လူကောင်းတို့ ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

အလားတူ ပတ္တလားအတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့် (ဘွဲ့)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါ ဟေမာန်(ယိုးဒယား)" သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်း သာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် နဲ့ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မဂ်လာသီရိ(ဘွဲ့)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းဘွဲ့စေ(ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ (ကြိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ပလွေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင် (ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ(ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဃယန်နှင့်နှုန်းငြား(ကြိုး)" သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ (ကြိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ ပြိုင်ပွဲ တတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်ကျောင်းတိုက် အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

> သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၉

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)အား တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထု လုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်ကြရမည့် ကျောင်းနေအရွယ် အနာဂတ်ရင်သွေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်မှစတင်၍ ကျောက်မဲမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၂၂ ဦးထိ ရှိပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား၊ ကျောင်းသူများ နည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ၜင်းပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၅၇ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှောက်ပေါ်ခွင့်ရသူများ

လျှောက်ပေါ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှောက်ပေါ်ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှောက်ပေါ်ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှောက်ပေါ်ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှောက်ပေါ်ပေးနိုင်သည်။

❍ **အင်းလေးဖောင်တော်ဦးမှ**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဖူးမြော်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်များအား ရတနာစံကျောင်းတော်သို့ အသီးသီး

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်များ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွဝင်တော်မူသည့်အခမ်းအနား ကျင်းပစဉ်။

ပင့်ဆောင်ပူဇော်ကာ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နမ့်ဟူးကျောင်းတော်၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အင်းသားရိုးရာလှေပြိုင်ပွဲ ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။

တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ ညောင်ရွှေမြို့နယ် မိုင်းသောက် ပထမပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ

အင်းသားရိုးရာလှေပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

တော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက

အင်းသားရိုးရာလှေပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး အင်းသားရိုးရာလှေပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ ဆွမ်းပို့လှေ ဂုဏ်ပြုဆု၊ လှေယဉ်ဂုဏ်ပြုဆုနှင့် တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက်၊ အမျိုးသမီး ၂၆ တက်၊ အမျိုးသား ၄၆ တက်၊ အမျိုးသား ရာကျော်လှေပြိုင်ပွဲတို့တွင် ဆုရရှိသည့် လှေလှော်အသင်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး အောက်တိုဘာ ၉

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရေး၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာ မဲဆွယ်စည်းရုံးနိုင်ရေး၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများလုံခြုံရေး စနစ်တကျ ဆောင်ရွက်နိုင်ရန်တို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မရှင်ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သား မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီရိုခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များတွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

AA အကြမ်းဖက်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်၊ ရောင်းချနေသော လုပ်ငန်းများနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကော်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

၂၀၂၅ ခုနှစ် အောက်တိုဘာ ၉

မီဒီယာများကို AA အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ဒီ AA အကြမ်းဖက်သောင်းကျန်းသူများ ဦးစီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်အရင်ကလည်း ပြောပြီးဖြစ်ပါတယ်။ အခုလည်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်ဖြန့်ဖြူးရောင်းချမယ့် ဂွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ် ၃၄၃၈ ကီလိုဂရမ်နဲ့ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တွေကို ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုနဲ့ ဒီ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မလိုလားတဲ့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ မူးယစ်ဆေးဝါးတွေကို ရှမ်းပြည်နယ်ဘက်ကနေ အဲဒီကမှ ရန်ကုန်မြို့ကတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်မယ့်အကြောင်း သိရှိရတဲ့အတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးသွား ကားလမ်းပေါ်မှာ ယာဉ်မောင်းအောင်ခန့်ကျော် မောင်းနှင်ပြီး ယာဉ်နောက်လိုက်ထက်ဝေဖြိုး လိုက်ပါလာတဲ့ ယာဉ်ပေါ်ကနေ အိုက်စ် ၁၄၃၉ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးသယ်ဆောင်မယ့် ကိစ္စကို ချိတ်ဆက်ပေးတဲ့သူတွေအပြင် ထပ်မံပြီး ထန်းတပင်မြို့နယ်စည်ပင်သာကျေးရွာက ဇော်လင်းနဲ့ စောဇင်မင်းဟန်တို့အိမ်မှာ သိုလှောင်သိမ်းဆည်းထားတဲ့ အိုက်စ် ၁၉၉၉ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နဲ့ တရားခံတွေနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီးက ကျော်နိုင်ရဲ့ နေအိမ်ဂိုဒေါင်ကနေ ကက်တမင်း ၂၁၉၈ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ပေးခဲ့တဲ့ ယာဉ်မောင်း၊ ယာဉ်မောင်းအကူတွေနဲ့ သယ်ဆောင်ရာမှာ အသုံးပြုခဲ့တဲ့ မော်တော်ယာဉ်တွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသက မူးယစ်ဆေးဝါးတွေဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်တဲ့ ရဲဇော်နဲ့ချစ်မင်းတို့က ဝမ်ဟိုင်းကနေတစ်ဆင့် ရမည်းသင်း၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်၊ အဲဒီကမှ မလေးရှားနိုင်ငံအထိ ပင်လယ်ရေလမ်းကြောင်းကနေ ပို့ဆောင်ဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ အခုလိုဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များဟာ ၂၀၁၃ ခုနှစ်လောက်ကစပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ထုပ်ပိုးမှုပုံစံမျိုးစုံနဲ့ သယ်ဆောင်တဲ့နေရာမှာလည်း ဆီဘောက်ဆာကားကို အံဝှက်လုပ်ပြီး သယ်ဆောင်တဲ့အထိ လုပ်ဆောင်ခဲ့ကြပါတယ်။ မူးယစ်ဆေးဝါးကို အဓိကကုန်ကူးရောင်းချနိုင်ဖို့အတွက် ပမာဏနည်းနည်းလေးကနေပြီး ကြီးမားတဲ့ပမာဏအထိ သယ်ဆောင်လုပ်ကိုင်နေတာမျိုးတွေ့ရပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ကိုယ်တိုင်က တာဝန်ပေးစေခိုင်းတဲ့အတွက် ဒီမူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းတွေကို လုပ်နေရတာဖြစ်ကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်တွေမှာတွေ့နိုင်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်ဖမ်းမိခဲ့တဲ့ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့်၊ ၂၀၁၉ ခုနှစ်မှာ လေးကြိမ် ကာလတန်ဖိုးငွေကျပ် ၅၉ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ တစ်ကြိမ် ကာလတန်ဖိုး ငွေကျပ် ၁၀ ဘီလီယံ၊ ၂၀၂၃ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၅၅ ဘီလီယံ၊ ၂၀၂၄ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၂ ဘီလီယံခန့်နဲ့ အခု ၂၀၂၅ ခုနှစ်အတွင်းမှာ ခြောက်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀၀၃ ဒသမ ၉၃ ဘီလီယံခန့်ဖြစ်ပြီး ၂၀၁၅ ခုနှစ်ကနေ ယခုအချိန်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု စုစုပေါင်း ၁၆ ကြိမ်တိတိရှိခဲ့ပါတယ်။ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၃၃ ဒသမ ၆၇ ဘီလီယံအထိ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီပမာဏကိုကြည့်ရင် ဘယ်လောက်အန္တရာယ်များကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ သူတို့ထိန်းချုပ်ထားတဲ့ နေရာတွေကနေတစ်ဆင့် ဒေသတွင်းနေရာများကို ဘယ်လောက်အထိ မူးယစ်ဆေးဝါးတွေပို့ဆောင်နေခဲ့ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာဆိုရင် AA သောင်းကျန်းသူအဖွဲ့ဝင် ဗိုလ်အဆင့်ရှိတဲ့ ထွန်းလင်း(ခ)ပြုံးချို၊ ဒုတိယဗိုလ်အဆင့်ရှိတဲ့ နေလင်းထွန်း(ခ) နောနော်(ခ)ကျော်စိုးနဲ့ ဒုတိယဗိုလ်အဆင့်ရှိသူ စိုးထွန်း၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ကျော်ဟန်၊ တပ်သားအဆင့်ရှိတဲ့ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိတဲ့ဦးထွန်းနုတို့ ခြောက်ဦးပါဝင်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော်တို့ စနစ်တကျစစ်ဆေးဖော်ထုတ်တဲ့အခါမှာ AA သောင်းကျန်းသူအဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ AA သောင်းကျန်းသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ) သားသား(ခ) ဝေသာထွန်းက ဦးစီးပြီး စီမံခန့်ခွဲလုပ်ဆောင်နေကြောင်း ထွက်ဆိုချက်တွေအရ တိကျစွာသိရှိရပါတယ်။ ဒီလိုပဲ နောက်ပိုင်းဖမ်းမိတဲ့ ကိစ္စတွေမှာလည်း AA သောင်းကျန်းသူအဖွဲ့နဲ့ ပတ်သက်တဲ့သူတွေ၊ AA သောင်းကျန်းသူအဖွဲ့ဦးစီးပြီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာပါဝင်ဆောင်ရွက်နေသူတွေသာဖြစ်ပါတယ်။

AA သောင်းကျန်းသူအဖွဲ့တွေဟာ ဒေသခံတွေကို ငွေကြေးနဲ့မက်လုံးပေးပြီး မူးယစ်ဆေးဝါးတွေကို သယ်ဆောင်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတွေကို ရောင်းချတာအပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရေလမ်းကြောင်းကနေ တစ်ဆင့် အခြားနိုင်ငံတွေကိုလည်း အဆင့်ဆင့်ချိတ်ဆက်ပို့ဆောင်ရောင်းချနေတာ တွေ့ရပါတယ်။ ဒါတွေကို ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်(BGB)ရဲ့ ရာမူးစစ်ဌာနချုပ်မှူးကိုယ်တိုင် စက်တင်ဘာ ၁၅ ရက်က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကိုလည်းတွေ့ရပါတယ်။ယခင်ကတော့ ဒီရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ မြန်မာနိုင်ငံရဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေ လုံခြုံရေးဆောင်ရွက်နေတဲ့အခြေအနေမှာ ဒီလိုကိစ္စတွေကို ကောင်းမွန်စွာကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုကတော့ သူတို့လွှမ်းမိုးနေတဲ့နယ်မြေမှာ AAသောင်းကျန်းသူတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့အခြားနိုင်ငံတွေကို မူးယစ်ဆေးဝါးတွေ အတားအဆီးမဲ့စွာ တင်သွင်းတင်ပို့နေကြောင်းတွေ့ရတာဖြစ်ပါတယ်။ ဒီလိုပို့ဆောင်ဖြန့်ဖြူးရရှိတဲ့ ငွေတွေကနေတစ်ဆင့် ရိက္ခာ၊ လက်နက်၊ ခဲယမ်းတွေ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

AA သောင်းကျန်းသူအဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေကလည်း မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးတဲ့ လမ်းကြောင်းမှာ ပါဝင်ပတ်သက်နေပြီး အဲ့ဒီကနေ ရရှိလာတဲ့ အကျိုးအမြတ်တွေကို မျှော်လင့်ခဲ့ရာကနေ ပြီးတော့ ပမာဏကြီးကြီးဖမ်းဆီးခံလိုက်ရတဲ့ အချိန်ရဲ့နောက်ကွယ်မှာတော့ ငွေကြေးကျပ်တည်းမှုတွေနဲ့အတူ စိတ်ဝမ်းကွဲပြားမှုတွေ၊ အလင်းဝင်ရောက်မှုတွေ၊ အချင်းချင်းစွပ်စွဲသတ်ဖြတ်မှုတွေ ဖြစ်ပေါ်နေတာလည်း တွေ့ရပါတယ်။ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးက PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေဟာ တရားဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာမှု ၈၂၃ ဦးအထိရှိလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလင်းဝင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ ယခုအထိ EAO တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်း ၂၇ ကြိမ် ကြေညာခဲ့ပါတယ်။ ဒုံပြင်နိုင်ငံရေးအရ သဘောထားကွဲလွဲမှုကြောင့် အကြမ်းဖက်ဖြစ်နေတဲ့ PDF အပါအဝင် အခြားအဖွဲ့အစည်းများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ သုံးကြိမ်တိုင် ဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ပြောချင်တာက AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာသာမက မြန်မာနိုင်ငံအတွင်း ဒေသတွင်း နိုင်ငံတွေအထိ လူသားမျိုးနွယ်စုရဲ့အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါးရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေ လုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးအကြောင်းပြပြီး သောင်းကျန်းသူအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေးအကြောင်းပြပြီး ဆောင်ရွက်နေတာဖြစ်ပေမယ့် ရခိုင်လူငယ်တွေပဲ မူးယစ်ဆေးဝါးရဲ့သားကောင်တွေ ဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ အနေနဲ့ ဒီလိုအစွန်းရောက်လုပ်ဆောင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူ Arakan Drug Army (AA မူးယစ်ဆေးဝါးသောင်းကျန်းသူ)များကို ဆန့်ကျင်ဖို့၊ မြန်မာနိုင်ငံသူ/နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့်လုပ်ငန်းတွေဖြစ်လို့၊ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမယ့်လုပ်ငန်းတွေဖြစ်လို့ အားလုံးက ပိုင်းဝန်းဆန့်ကျင်ကြဖို့နဲ့ ရရှိလာတဲ့သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (၅၀၁)

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

ထရီနီဒက်နှင့်တိုဘားဂိုးနိုင်ငံတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်များပျက်စီးခဲ့

ပို့အော့ဖ်စပိန် အောက်တိုဘာ ၉

ထရီနီဒက်နှင့် တိုဘားဂိုးနိုင်ငံတွင် အောက်တိုဘာ ၈ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်းကြောင့် အခြေခံအဆောက်အအုံနှင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းကြောင့် ပျက်စီးခဲ့သော အခြေခံအဆောက်အအုံနှင့် လူနေအိမ်ခြေအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက အပျက်အစီးများကို ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ပျက်စီးမှုများ ရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့သလို သေဆုံးသူလည်းမရှိခဲ့ကြောင်း၊ လေဆင်နှာမောင်း ဖြတ်သန်းရာ လမ်းကြောင်း တစ်လျှောက်တွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အောက်တိုဘာ ၈ ရက်မှာ ဗစ်တိုးရီးယားပန်းခြံနဲ့ ဝက်စ်မိုရင်းဇရိယာကို ဗဟိုပြုပြီးတော့ လေဆင်နှာမောင်းဖြတ်သန်းတိုက်ခတ်ခဲ့ပါတယ်။ လျှပ်စီးလက်မှုတွေ ဖြစ်ပေါ်ခဲ့သလိုမိုးရွာသွန်းမှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပျက်စီးမှုတွေနဲ့ ပတ်သက်ပြီး အချက်အလက်တွေကို စုစည်းနေဆဲဖြစ်ပါတယ်။ မကြာခင် ထုတ်ပြန်ပေးသွားပါ့မယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

ဆက်ဒလာရစ်တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး Southern California Edison ကုမ္ပဏီကို အိမ်ဖြူတော်အစိုးရက တရားစွဲဆို

ဝါရှင်တန် အောက်တိုဘာ ၉

အမေရိကန်နိုင်ငံ ဆက်ဒလာရစ်တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သည့် Southern California Edison လျှပ်စစ်ဓာတ်အား ဖြန့်ဝေသည့် ကုမ္ပဏီကို အာဏာပိုင်အဖွဲ့အစည်းက အောက်တိုဘာ ၈ ရက်တွင် တရားစွဲဆိုမှု ပြုလုပ်လိုက်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကို ပြန်လည်စိစစ်ခဲ့ရာတွင် Southern California Edison ကုမ္ပဏီမှ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုစနစ်များမှတစ်ဆင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည့် အတွက် နစ်နာခဲ့ရသော ပြည်သူများကို လျော်ကြေးပေးဆောင်ခဲ့ခြင်းမရှိကြောင်း၊ ဒေသခံတချို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အများပြည်သူပိုင် အခြေခံအဆောက်အအုံများလည်း ပျက်စီးခဲ့ကာ Southern California Edison ကုမ္ပဏီအနေဖြင့် တာဝန်မဲ့ခဲ့ကြောင်း၊ ထို့ကြောင့် Southern California Edison ကုမ္ပဏီကို တရားစွဲဆိုခဲ့ခြင်း ဖြစ်ကြောင်းလည်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ၂၀၁၉ ခုနှစ်က ဆက်ဒလာရစ်တောမီးလောင်ကျွမ်းမှုမှာ အဓိကတာဝန်ရှိကြောင်း တရားစွဲဆိုမှုတွေ ပြုလုပ်လာတာရှိပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကုမ္ပဏီအနေနဲ့ ပြန်လည်စိစစ်နေပါတယ်။ ပြန်လည်စိစစ်ပြီးရင်တော့ တရားဥပဒေလမ်းကြောင်းအတိုင်း ပြန်လည်ရင်ဆိုင်သွားမှာဖြစ်ပါတယ်" ဟု Southern California Edison ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ အော်နီလက်စ်က ပြောကြားသွားခဲ့သည်။

ဆက်ဒလာရစ် တောမီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် သစ်တောမြေဟက်တာ ၃၅၆၁ လောင်ကျွမ်းပျက်စီးခဲ့ပြီး လူတစ်ဦး သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦးထက်မနည်း ရှိခဲ့ပြီး အဆောက်အအုံ ၂၅ လုံးထိ ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

အိန္ဒိယနိုင်ငံ ဟီမာချယ်လ်ပရာဒေ့ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဒေသခံ ၁၆ ဦးသေဆုံး

နယူးဒေလီ အောက်တိုဘာ ၉

အိန္ဒိယနိုင်ငံ ဟီမာချယ်လ်ပရာဒေ့ရှ်ပြည်နယ်တွင် အောက်တိုဘာ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဒေသခံ ၁۶ ဦးသေဆုံးခဲ့ကြောင်း National Disaster Response Force (NDRF) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုသည် ဘီလာစပါခရိုင်တွင်ဖြစ်ပေါ်ခဲ့ပြီး တောင်ကြားလမ်းတွင် မြေပြိုကျမှုဖြစ်ပေါ်ကာ ဘတ်စကားတစ်စီး တိမ်မှောက်ရာမှ ခရီးသည်များ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းရာမှ တောင်ကျရေများကြောင့် တောင်ပြိုကျမှု၊ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်ပြိုကျမှုနှင့် မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေသလို လမ်းပိတ်ဆို့မှုများကိုလည်း ရှင်းလင်းပေးနေကြောင်း National Disaster Response Force (NDRF) က ထုတ်ပြန်သွားခဲ့သည်။

"ဘီလာစပါခရိုင်မှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ တောင်ကျရေတွေကြောင့်လဲ တောင်ပြိုကျမှုတွေ၊ မြေပြိုကျမှုတွေဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုကြောင့် ဘတ်စကားတစ်စီး တိမ်မှောက်ခဲ့ပြီးခရီးသည် ၁۶ ယောက် သေဆုံးခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ အမျိုးသား ကိုးယောက်၊ အမျိုးသမီးလေးယောက်နဲ့ ကလေးငယ်သုံးယောက်ပါဝင်နေပါတယ်" ဟု ဟီမာချယ်လ်ပရာ ဒေ့ရှ်ပြည်နယ် ဒုတိယဝန်ကြီးချုပ် မူကက်ရှ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

အယ်လ်ဘေးနီးယားနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် UNESCO စာရင်းဝင်နေရာတချို့ ပျက်စီးဖွယ်ရှိနေ

တီရာနာ အောက်တိုဘာ ၉

အယ်လ်ဘေးနီးယားနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်နေပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် UNESCO စာရင်းဝင်နေရာတချို့ပျက်စီးဖွယ်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းဖြစ်သည့် Lumi က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးဒဏ်များဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများတွင် ဗိုဆာချိုင့်ဝှမ်းပါဝင်နေပြီး ၎င်းဧရိယာသည် UNESCO စာရင်းဝင်နေရာဖြစ်ပြီး မြေပြိုကျမှုများကြောင့် ပျက်စီးမှုများရှိနေပြီး ဗိုဆာမြစ်ဝှမ်းရေလျှံမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ UNESCO စာရင်းဝင် ဧရိယာဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် UNESCO ၏ စစ်ဆေးမှုကို ခံယူသွားရမည်ဖြစ်ပြီး UNESCO မှ ကျွမ်းကျင်သူများက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း သိရသည်။

"ဗိုဆာချိုင့်ဝှမ်းဟာ UNESCO စာရင်းဝင်တဲ့ ရှေးဟောင်းသမိုင်းအမွေအနှစ်ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးမှုတွေရှိနေပါတယ်။ ဒါပေမဲ့လဲ နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်းဖြစ်တဲ့ UNESCO က ဒီပြဿနာကို ဖြေရှင်းပေးနိုင်မှုမရှိပါဘူး။ ကျွန်တော်ငယ်စဉ်ကလေးဘဝကတည်းက ဒီနေရာမှာ မကြာခဏ ရေလာကူးဖြစ်ပါတယ်။ ဒါပေမဲ့လဲ အခုမြစ်ရေထဲမှာ အမှိုက်သရိုက်တွေနဲ့ ပြည့်နေပြီး ရေထုညစ်ညမ်းမှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းဖြစ်သည့် Lumi မှ ပြောရေးဆိုခွင့်ရှိသူ ဘက်ဂျာနာက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ကမ္ဘောဒီးယားနိုင်ငံတွင် ဘူအလွိုင်တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ဖွားကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

ဖနွမ်းပင် အောက်တိုဘာ ၉

ကမ္ဘောဒီးယားနိုင်ငံတွင် ဘူအလွိုင်တိုင်ဖွန်း မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး အောက်တိုဘာ ၈ ရက်မှ စ၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကာ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ရေထုအရင်းအမြစ်နှင့်မိုးလေဝသ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသများတွင် ဖနွမ်းပင်မြို့လည်း ပါဝင်နေပြီး မဲခေါင်မြစ်ဝှမ်း ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှု အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း၊ ဘူအလွိုင်တိုင်ဖွန်း မုန်တိုင်းသည် အဆင့် (၂) ဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ တောင်ဘက်ပိုင်း ဒေသများကို ဦးတည်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရေထုအရင်းအမြစ်နှင့် မိုးလေဝသ ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဘူအလွိုင် တိုင်ဖွန်းမုန်တိုင်းဟာ တောင်ပိုင်းဒေသတွေကို ဦးတည်ပြီး တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့် လေတိုက်နှုန်းတွေမြင့်မားပြီး ပျက်စီးမှုတွေရှိခဲ့ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သလို မဲခေါင်မြစ်ဝှမ်း ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် အောက်တိုဘာ ၈ ရက်က စတင်ပြီးတော့ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေပါတယ်"ဟု ရေထုအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သင်သေသော်

ဆူးသစ်

ကျွန်တော့်ဘဝမှာ ကျွန်တော်နှင့် ဆွေနီးမျိုးစပ်လည်းမတော်၊ ဘာမျှလည်းမပတ်သက်ဘဲ ကျွန်တော်သက်ရှိထင်ရှားရှိနေစဉ်အတွင်း သူတို့သေဆုံးသွား၍ စိတ်မကောင်းဖြစ်ကာ ပြင်းပြင်းထန်ထန်ခံစားရင်းနှမြောတသဖြစ်ကျန်ခဲ့ရဖူးသည့် လူပုဂ္ဂိုလ်နှစ်ဦးရှိသည်။ တစ်ဦးက စာရေးဆရာကြီး **"မြသန်းတင့်"** ဖြစ်၍ နောက်တစ်ဦးက အဆိုတော်ကြီး **"တွံတေးသိန်းတန်"** ဖြစ်ပါသည်။

ဆရာမြသန်းတင့်က ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကွယ်လွန်ပြီး အဆိုတော်ကြီး တွံတေးသိန်းတန်ကတော့ ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကွယ်လွန်သည်ဟု ကျွန်တော်မှတ်သားထားခဲ့ဖူးသည်။ နှစ်များကြာလာသော်လည်း ကျွန်တော့်လို ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကို သတိရတမ်းတနေသော လူများလည်း များစွာရှိပါလိမ့်မည်။ ကျွန်တော်ကတော့ လွမ်းဆွေးမှု၊ ဝမ်းနည်းမှုတို့ထက် နှမြောတသမှု ပိုဖြစ်မိသည်ဟုဆိုရပါမည်။

အဘယ်ကြောင့်နည်း။ ကျွန်တော့်အပေါ် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးက သြဇာလွှမ်းမိုးလွန်း၍လား။ မဟုတ်ပါ။ ဆရာမြသန်းတင့်ကို အပြင်မှာ ကျွန်တော် မြင်ပင် မမြင်ဖူးပါ။ ဆရာ့စာများကိုလည်း များများစားစားမဖတ်ဖူးခဲ့ပါ။ စာဖတ်အားနည်းသော ကျွန်တော်က ဘာသာပြန်များကို ပို၍အဖတ်နည်းပေရာ ဘာသာပြန်အရေးများသော ဆရာ့စာများနှင့် ဝေးလွန်းပါသည်။ ထို့ကြောင့် ဆရာ့စာပေသြဇာက ကျွန်တော့်ကို မလွှမ်းမိုးခဲ့ပါ။

အဆိုတော်ကြီး တွံတေးသိန်းတန်ကျတော့ သူ၏ဇာတ်ကပွဲ၊ စုပေါင်းဇာတ်ကပွဲတွင် မြင်ဖူးတာပဲရှိသည်။ သူ့သီချင်းများကတော့ ကျွန်တော့်ကို လွှမ်းမိုးမှုတော်တော်လေးရှိ၏။ ကျွန်တော့်မိဘများက နယ်တွင်မွေးပြီး ကြီးပြင်းလာကာ ရန်ကုန်၌ အခြေချနေထိုင်ခဲ့ကြသည်။ ကျွန်တော့်ကို ရန်ကုန်မှာမွေးဖွားခဲ့သည်။ ရန်ကုန်မှာမွေးသောကျွန်တော်က ခေတ်ပေါ် တေးဂီတများကြားထဲတွင် မြန်မာသံ တွံတေးသိန်းတန်အဆိုများကို လူမှန်းသိတတ်စကတည်းက စွဲလမ်းခဲ့သည်။

ကောင်းပြီ။ ဒါဖြင့် ဘာကို နှမြောရသနည်း။ ဆရာမြသန်းတင့်က ဘာမျှသြဇာမလွှမ်းမိုးခဲ့ဘဲ ဘာကို သွားနှမြောနေသနည်း။ တွံတေးသိန်းတန်ကို သီချင်းတွေကြိုက်လို့နှမြောတာလား။ တကယ်ဆိုအရူးအမူးဖြစ်သူတွေကသာ သဲသဲလှုပ်ဖြစ်သင့်သော ကိစ္စမျိုးမဟုတ်လား။ ကျွန်တော့်အနေနှင့်က ဝေးလွန်းပါသည်။

ကျွန်တော့်လို ခပ်လှမ်းလှမ်းက နှမြောနေသူများလည်း များစွာရှိနေပါလိမ့်မည်။ သူတို့၊ ကျွန်တော်တို့ နှမြောသည့် တူညီသောအဓိကအကြောင်းရင်းတစ်ခု ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးဆီတွင်ရှိသည်။ အခြားမဟုတ်ပါ။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦး၏ အသက်ရှင်စဉ်ကာလအတွင်းက လူတွေအပေါ် တာဝန်ကျေပွန်မှု၊ တစ်နည်းအားဖြင့်ဆိုရလျှင် တန်ဖိုးရှိသော ပေးဆပ်မှုပင်ဖြစ်သည်။

ဆရာမြသန်းတင့်သည် ကျွန်တော်တို့ လက်လှမ်းမမီနိုင်သော ကမ္ဘာ့စာပေများကိုရှာဖွေ၍ ကျွန်တော်တို့ လွယ်လင့်တကူဖတ်ရှုနိုင်ရန် အားထုတ်ပေးခဲ့သည်။ ကျွန်တော်တို့ကသာ မဖတ်နိုင်တာဘဲရှိသည်။ ဆရာ့စာအုပ်များက များစွာကျန်ခဲ့သည်။ ပြီးတော့ ဆရာကိုယ်တိုင်၊ ကိုယ်ပိုင်အတွေးဖြင့် ရေးခဲ့သော စာအုပ်များလည်းရှိခဲ့သည်။ ဆရာပြုစုရေးသားခဲ့သော၊ ဘာသာပြန်ခဲ့သော စာအုပ်များထဲတွင် ပရမ်းပတာတွေမပါ။ သုတ၊ ရသစုံသည်။ စေတနာပါသည်။ ထို့ကြောင့်လည်း အမျိုးသားစာပေဆုများ အကြိမ်ကြိမ်ရခဲ့ခြင်းဖြစ်သည်။

ဆရာ့အားထုတ်မှုများသည် တော်ရုံလူမလိုက်နိုင်သော အားထုတ်မှုများဖြစ်သည်။ ဘာကြောင့် သည်လောက်အားထုတ်ခဲ့ပါသနည်း။ ရှင်းပါသည်။ လူများဖတ်စေချင်၍ဖြစ်သည်။ သည်စာအုပ်များက တော့ ငါတို့မြန်မာပြည်သူပြည်သားများ ဖတ်သင့်သည့်စာအုပ်များဟု စေတနာရှိခဲ့၍ အားထုတ်ခဲ့ခြင်းဖြစ်သည်။ ငွေရပြီးရော၊ စာရေးရပြီးရော၊ ဘာသာပြန်ရပြီးရော လုပ်ခဲ့တာမဟုတ်။ ဆရာက စာပေအနုပညာနှင့် အသိဉာဏ်ဖွင့်ကာ လူထုကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်။

အဆိုတော်ကြီး တွံတေးသိန်းတန်ကရော။ ကျေးလက်အဆိုတော်ကြီးဟု တင်စားရလောက်အောင် တို့ နှမြောတသဖြစ်ရသည်မှာ လွန်ပါမည်လား။ စာမဖတ်ဖူး၊ အသံမကြားဖူးသော်ငြား သူတို့တာဝန်ကျေခဲ့ကြောင်းသက်သေပြနေရာ တွေးကြည့်ရုံနှင့်ပင် အင်မတန်နှမြောထိုက်သူများအဖြစ် လက်ခံရပေမည်။

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးက သက်ရှိထင်ရှားရှိနေစဉ်အတွင်း သူတို့အကြောင်းကို ကျွန်တော်ကြားသိနေရာမှသေဆုံးသွား၍ ကိုယ်တိုင်ခံစား နှမြောခဲ့ရခြင်းဖြစ်သည်။ ကျွန်တော်မမွေးဖွားခင်ကာလ၊ လူမှန်းမသိတတ်ခင်ကာလများမှာ ကွယ်လွန်ခဲ့ပြီး နောက်မှသိ၍ ကြေကွဲတသ၊ နှမြောရသူများလည်း ရှိပါသေးသည်။ လူတော်တော်များများမှာလည်း မိမိနှင့်ဘာမျှမတော်စပ်ဘဲ ကွယ်လွန်သွားသူများထဲက နှမြောတသဖြစ်ရသူများရှိပါလိမ့်ဦးမည်။

❖ အချို့ တွေးဖူးကြလိမ့်မည်။ "ငါသေတော့ ဘယ်သူငိုမှာလဲ မသိဘူး"ဆိုသောအတွေးမျိုး။ ရှည်ဝေးပါသည်။ မိမိက ဘယ်သူတွေ အပေါ် ဘာတာဝန်ကျေခဲ့ပြီလဲ။ လူအများကြီးမဆိုထားနှင့်။ မိမိနှင့် ပတ်သက်ရာပတ်သက်ကြောင်းတွေအပေါ်မှာတောင် ထိုက်သင့်သလောက်ပေးဆပ်ပြီးပြီလား။ မိမိအိမ်မှာမရှိချိန်မှာ ဘာတွေလိုအပ်သွားလို့ ဘယ်သူတွေက မိမိကိုတောင့်တသလဲ။ စဉ်းစားပါ။ မပေးဆပ်ရသေးခင်လည်း ဝမ်းနည်းစရာမရှိပါ။ ယခုအချိန်ကစပြီး ပေးဆပ်ခွင့်ရပြီဟု နှလုံးသွင်းကာ တကယ်ကျင့်ကြံရန်သာလိုပါသည်။ ❖

ကျေးလက်သီချင်းများသာ ဆိုခဲ့သည်။ နယ်ကလူများကို ကိုယ်စားပြုခဲ့သည်။ သို့သော် မြို့ပြကလူများထဲတွင်လည်း သူ့ဆိုဟန်၊ သူ့တေးသံများကို ခံစားနှစ်ခြိုက်သူများ များစွာရှိခဲ့သည်။ သူပေးဆပ်ခဲ့သည်က ဂီတအနုပညာနှင့် ကျေးလက်ကို ချစ်တတ်အောင်၊ မြန်မာသံသီချင်းကို မြတ်နိုးတတ်အောင် လူထုကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်။

Rap တွေ၊ Hip Hop တွေ မြန်မာပြည်မှာ မပေါ်ခင်ကတည်းက စကားပြောရော၍ သီချင်းဆိုခဲ့သည်က တွံတေးသိန်းတန်ဖြစ်သည်။ မေတ္တာဖွဲ့သီချင်းများ၊ မြန်မာ့ရေမြေသဘာဝအလှအပဖွဲ့သီချင်းများ ဆိုခဲ့သော်လည်း အကျိုးပြုသီချင်းများကို တစ်ပုဒ်ဆိုဆိုသလောက် ထိရောက်အောင်လုပ်ခဲ့သည်က သူ့ကြိုးစားမှုဖြစ်သည်။ "အသီးတစ်ရာ၊ အညာတစ်ခု"လို သီချင်းမျိုးကို ကိုယ်တိုင်ရေးဆိုခဲ့သည်ကသက်သေပင်။

သူ့သီချင်းကိုနားထောင်၍ ကျွန်တော်တို့ မြန်မာပြည်ကို ပိုမြတ်နိုးတတ်ပြီး မြန်မာပြည်၏အလှအပကို ပိုမြင်လာသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၆၅ ရာခိုင်နှုန်းနေထိုင်သော ကျေးလက်ဒေသသဘာဝကို မြင်၍ ကျေးလက်နေလူတန်းစားကို ခင်မင်တတ်ကာ သူတို့ကျေးဇူးကို ပိုတန်ဖိုးထားတတ်လာသည်။ အမှန်ကတော့ တွံတေးသိန်းတန်သီချင်းများက လူဦးရေပိုများသော ကျေးလက်လူထုကို ကိုယ်စားပြုနေပေရာ လူထုကလည်း သူ့ကိုအားပေးသည်မှာ မဆန်းပေ။ တစ်နည်းဆိုရလျှင် ဂီတအနုပညာကို သုံးကာ စေတနာဖြင့် မြန်မာပြည်မြန်မာလူမျိုးကို ချစ်တတ်အောင် လူထုကိုပေးဆပ်၍ လူထုက နှစ်သက်ခြင်းဟု ဆိုရပါမည်။

သည်လိုဆိုလျှင် လူများအပေါ် တန်ဖိုးရှိစွာ ပေးဆပ်ခဲ့သော ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကို ကျွန်တော် ဘာကြောင့် နှမြောတသဖြစ်ရပါသနည်း။ သံယောဇဉ်လည်းမရှိ၊ အမျိုးလည်းမတော်သော လူတစ်ဦးကို ကျွန်တော်တို့ ဘာကြောင့်ပြန်တမ်းတရပါသနည်း။ နောက်ကွယ်မှာ အဖြေတစ်ခုစီတော့ ရှိနေပါလိမ့်မည်။ သေချာတာကတော့ ထိုလူများသည် လူထုတစ်ရပ်လုံး သို့မဟုတ် လူထုတချို့ သို့မဟုတ် သူနှင့်ပတ်သက်ရာ အသိုင်းအဝိုင်းများတွင် အတ္တနည်းနည်း၊ ပရများများဖြင့် ပေးဆပ်ခဲ့ခြင်း ကြောင့်ဖြစ်သည်။

သူတို့လုပ်ရပ်၊ သူတို့အပြုအမူများက အနည်းနှင့် အများဆိုသလို ပတ်ဝန်းကျင်ကို ကျေးဇူးပြုခဲ့၍ ပတ်ဝန်းကျင်၏တို့ပြန်မှုက သူတို့ကွယ်လွန်ချိန်တွင် ပြန်လည်ရိုက်ခတ်သည့်သဘောပင်။ ကောင်းသော လုပ်ရပ်များကသာ ကောင်းသောတို့ပြန်မှုကို ရရှိမည်မဟုတ်လား။

မကောင်းတာလုပ်၍ ပတ်ဝန်းကျင်ကို ဒုက္ခပေးနေလျှင် သေဆုံးချိန်တွင် မည်သူက သတိရပါဦးမည်နည်း။ ထိုသူမျိုးကိုမဆိုထားနှင့် မည်သူ့ကိုမျှ ဒုက္ခလည်းမပေး၊ ကောင်းကျိုးလည်း မပြုသူများကိုလည်း "ဩော်...သူတော့သေရာပြီ"ဆိုတာအပြင် ဘယ်သူမျှ ထူးပြီးခံစားမှာမဟုတ်။ ထိုသူများ လူပြည်လာသွားခြင်းသည် အလည်သဘောထက်မပို၊ တန်ဖိုးရှိသော နေထိုင်ခြင်းမျိုးမဟုတ်ခဲ့။ သည်တော့ လူ့လောကလာပြီး လူတွေကို တတ်နိုင်သမျှအကျိုးမပြုတတ်ခဲ့သူများအတွက် မည်သူမျှမတမ်းတတာလည်း အဆန်းမဟုတ်တော့။ တွေးတောဆင်ခြင်စရာ ကောင်းသည်။ သေပြီးမှ နာမည်ကောင်းကျန်အောင် လုပ်ခြင်းမျိုးမဟုတ်တာကိုလည်း သတိထားရမည်။ ဒါကိုလည်း ကွဲပြားစွာမြင်နိုင်ရန် သေပြီးနာမည်ကောင်းကျန်ချင်သူများက မသေခင်ကတည်းက သူတို့နာမည်ကို နည်းမျိုးစုံနှင့် လူကြားထဲရောက်အောင်လုပ်တာမျိုးများလည်းရှိသည်။ သတိထားစရာကောင်း၏။ သူတို့လုပ်ရပ်များက အတ္တသာများပြီး ပရကို ဟန်ပြထားသည်။

တကယ်တမ်း ပရကို ဦးစားပေးသူတွေကျတော့ ကိုယ်ရောစိတ်ပါနှစ်ပြီးလုပ်သည်။ အတ္တကို များသောအားဖြင့် လျစ်လျူရှု၏။ သူတို့လိုလားသည်မှာ လူ့လောကအတွင်းမှာရှိနေစဉ် လူတွေကို သူတို့တတ်နိုင်သမျှနှင့်ပေးဆပ်ခဲ့ခြင်းကိုဖြစ်သည်။ တကယ်စစ်မှန်သောပေးဆပ်ခြင်းမျိုးဖြစ်၍လည်း ထိုလူများကိုကျတော့ တမင်လုပ်မယူရဘဲ ကျွန်ခဲ့သူများက နှမြောတသဖြစ်ကြရခြင်းဖြစ်သည်။

ကျွန်တော်ကတော့ လူငယ်ထုအတွင်းမှာ လူများကို တတ်နိုင်သမျှပေးဆပ်တတ်စေချင်သော စိတ်ကလေးများ ဝင်သွားစေချင်သည်။ ထိုသို့ ပေးဆပ်တတ်ရန်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ပျိုးထောင်သွားရန်လိုမည်။ တကယ်တော့ ငွေရှိမှ မရှိမှမဟုတ်။ တတ်နိုင်သမျှနှင့် ပေးစွမ်းရန်သာ အဓိကဖြစ်သည်။

"လူဖြစ်လာပြီ ဘာလုပ်မလဲ"ဆိုသော (၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလထုတ် မှူခင်းရှုထောင့်ရသစုံမဂ္ဂဇင်း)ဆောင်းပါးတုန်းကလည်း ကျွန်တော်ဆိုခဲ့ပြီးပါပြီ။ မိမိနေထိုင်ရာ အသိုင်းအဝိုင်းလေးကိုပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်ကလေးကိုပဲဖြစ်ဖြစ် တတ်နိုင်သမျှ ပေးစွမ်းကြည့်ပါ။ ထိုစိတ်ကလေးကစ၍ မိမိလုပ်ငန်းခွင်၊ နောက်တစ်ဆင့်တက်ကာ မိမိလူမျိုး၊ မိမိတိုင်းပြည်အတွက်ဆိုသည်ကိုလှမ်းမြင်ကာ အလိုလိုမွေးမြူပြီးသားလည်း ဖြစ်သွားပေလိမ့်မည်။

အချို့တွေးဖူးကြလိမ့်မည်။ "ငါသေတော့ ဘယ်သူငိုမှာလဲမသိဘူး"ဆိုသောအတွေးမျိုး။ ရှည်ဝေးပါသည်။ မိမိက ဘယ်သူတွေအပေါ် ဘာတာဝန်ကျေခဲ့ပြီလဲ။ လူအများကြီးမဆိုထားနှင့်။ မိမိနှင့် ပတ်သက်ရာပတ်သက်ကြောင်းတွေ အပေါ်မှာတောင် ထိုက်သင့်သလောက် ပေးဆပ်ပြီးပြီလား။ မိမိအိမ်မှာမရှိချိန်မှာ ဘာတွေလိုအပ်သွားလို့ ဘယ်သူတွေက မိမိကိုတောင့်တသလဲ။ စဉ်းစားပါ။ မပေးဆပ်ရသေးခင်လည်း ဝမ်းနည်းစရာမရှိပါ။ ယခုအချိန်ကစပြီး ပေးဆပ်ခွင့်ရပြီဟု နှလုံးသွင်းကာ တကယ်ကျင့်ကြံရန်သာလိုပါသည်။ ထိုကဲ့သို့ တာဝန်လည်းကျေ၊ သိလည်းသိတတ်၊ ပေးဆပ်တတ်ပြီဆိုလျှင် ဘာမျှမပူပါနှင့်။ ပေးဆပ်ခဲ့သော လူတွေအားလုံးက သူတို့နှင့်ဘာမျှမတော်ဘဲတောင် ငိုကြွေးမှာ ကျိန်းသေပေသည်။ နှစ်ကာလများစွာ ကြာသည့်တိုင် မမေ့မပျောက် နှမြောတသတမ်းတနေပေလိမ့်မည်။

သည်လိုမှမဟုတ်လျှင်ဖြင့် လူတွေကြားထဲ ကိုယ့်ဘာသာရပ်တည်သွားသော အလည်လာဧည့်သည်တစ်ဦးအဖြစ်သာ လူ့လောကကြီးက သတ်မှတ်ကာ တမလွန်ရောက်သွားသည့်အခါ ဆွေမျိုးများသာငိုရ၍ မဆိုင်သူများက မဆိုင်သလိုသာ နေကြပါလိမ့်မည်။

ထို့ကြောင့် ငါသေရင် ဘယ်သူငိုမှာလဲဆိုသည့် အတွေးထက် ငါမသေခင် ဘာတွေလုပ်မလဲဆိုသည်က ပိုအရေးကြီးသည်ကို နားလည်သိရှိရန်လိုပါသည်။ အသက်အရွယ်ငယ်ရွယ်သူများအနေဖြင့် သင်တို့ သေသော် လူ့လောကကြီးထဲမှာ ကောင်းမွန်သော ပေးဆပ်မှု၊ တာဝန်ကျေမှုတို့ကျန်ခဲ့အောင် လုပ်သင့်သည်ကို နှလုံးသွင်းထားမည်ဆိုလျှင် သင်သေသော် သင့်မိဘဆွေမျိုးများသာမက၊ သင့်ကို မမြင်ဖူး၊ မတွေ့ဖူးသူများကပင် သင့်အကြောင်းကြားရုံနှင့် ငိုကြွေးရင်းနှမြောတသဖြစ်မှာမလွဲဟု ဆိုချင်ပါတော့သည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၈၅ ဧက စိုက်ပျိုးမည်

ယခင်နှစ်က မုန်လာဥစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ အောက်တိုဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၈၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၄၈၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စားဖိုဆောင်သီးနှံ စိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့တောင်သူတွေ ပူးပေါင်းဆောင်ရွက်သွားပါမယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အနေနဲ့ စားဖိုဆောင်သီးနှံ ၄၈၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့တောင်သူပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားပါမယ်။ တောင်သူတွေအနေနဲ့ စားဖိုဆောင်သီးနှံကို ဒေသနဲ့ ကိုက်ညီတဲ့သီးနှံတွေ အဓိကထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာတွင် ကြက်ဟင်းခါးသီး၊ငရုတ်၊မုန်ညင်း၊ ဂေါ်ဖီထုပ်၊နံနံပင်၊ မုန်လာဥ၊ ခရမ်း၊ သခွား၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့် သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ကျော်ကျော်လင်း

မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း အောက်တိုဘာ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် ကျွဲနှင့်နွားမွေးမြူထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)နှင့် ပတ်သက်၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေအဖွဲ့တို့က ကျွဲနှင့် နွား မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

စာအုပ်စာပေ လူမိတ်ဆွေ



နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအင်္ဂါရပ်များတွင် သန့်ရှင်းသပ်ရပ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများပါဝင်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏အလှသည် သဘာဝပတ်ဝန်းကျင်ရင့်ကျက်တည်ငြိမ်ခြင်းကို ကိုယ်စားပြုလျက်ရှိပြီး သာယာလှပသော သဘာဝအလှတရားများတည်ရှိခြင်းသည် နိုင်ငံ၏ဂုဏ်ရှိန်တင့်မှုကို ဖော်ပြခြင်းဖြစ်သည်။ မီးခိုးမထွက်သည့်ခရီးသွားလုပ်ငန်းများကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေသကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်း၏စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာစေနိုင်သည်။

သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တစ်ခု အဖြစ်အခွန့်ရှည်တည်တံ့ရေးမှာ လူသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သာယာလှပရေး စီးဆင်းနေသည့်မြစ်၊ချောင်းများ မပိတ်ဆို့ရန်လိုသည်။ ရေစီးရေလာကောင်းမွန်မှု၏အတားအဆီးဖြစ်စေသည့်မြစ်၊ချောင်း၊ ပင်လယ်ပြင်အတွင်း ပလတ်စတစ်စွန့်ပစ်သည့်အလေ့အကျင့်ကို ဖျောက်ပစ်ရမည်ဖြစ်သည်။ ပလတ်စတစ်အန္တရာယ်သည် တဖြည်းဖြည်းကြီးထွားလာပြီး လူနှင့်သက်ရှိသတ္တဝါများကို အသက်ရှူကျပ်စေသည်။ ရေနေသတ္တဝါများ မသေဆုံးစေရေး၊ မျိုးသုဉ်းမပျောက်ကွယ်စေရေး ပလတ်စတစ်စွန့်ပစ်မှုကို စည်းကမ်းတကျ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြေမျက်နှာပြင်နှင့်လေထုအတွင်း အပူချိန်မြင့်မားလာခြင်းများသည် ကမ္ဘာကြီးပူနွေးလာမှုကို ပြဆိုနေခြင်းဖြစ်သည်။ မြေမျက်နှာပြင်တွင် စုပ်ယူထားသည့် အပူလှိုင်းများနှင့် လေထုအတွင်းမှ များပြားသောဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပိုမိုပူနွေးစေသည်။စက်ရုံအလုပ်ရုံနှင့် စက်တပ်ယာဉ်များ တိုးပွားလာခြင်းမှာလည်း လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များဖြစ်ပေါ်စေသည်။ လေထု၏အရည်အသွေးပိုင်းကျဆင်းခြင်းနှင့် အပူစုပ်ယူထုတ်လွှတ်မှုအားကောင်းလာသည်ကို တွေ့ရှိရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာကြီးပူနွေးမှု၏အရိပ်လက္ခဏာဖြစ်သည်။ အဆိုပါ အရိပ်လက္ခဏာများမှတစ်ဆင့်ရရှိနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများမှာလည်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေပျင်းလှုပ်ခတ်ခြင်းများပင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူနှင့်သက်ရှိသတ္တဝါအားလုံးအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကိုလည်း ဖြစ်စေနိုင်ပေသည်။

အလားတူ စွမ်းအင်အလွန်အကျွံထုတ်လုပ်သုံးစွဲခြင်းကြောင့်လည်း ကမ္ဘာကြီးအပူရှိန်မြင့်တက်စေနိုင်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများစုမြေထု၊ ရေထုမှ သယံဇာတ၊ လျှပ်စစ်နှင့် စွမ်းအင်အမျိုးမျိုး ထုတ်ယူသုံးစွဲကြသည်။ ကျောက်မီးသွေး၊ ရေနံနှင့် ဓာတ်ငွေ့များ အသုံးပြုလျှပ်စစ်ထုတ်လုပ်မှုများရှိလာသည်။ စက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်စွမ်းအင်တစ်ခုဖြစ်လာသော်လည်း စက်မှုအခန်းကဏ္ဍဖွံ့ဖြိုးခြင်း၏ နောက်ကွယ်တွင် လေထု၊ရေထုဗဟိုပြုသောသဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ ဓာတုစွန့်ပစ်ပစ္စည်းများ ရေထုအတွင်းပျော်ဝင်ရာမှ ရေထုအဆိပ်သင့်ပါလျှင် ရေနေသတ္တဝါများစွာ သေဆုံးနိုင်သကဲ့သို့ သောက်သုံးရေအတွက်လည်း ညစ်ညမ်းသွားစေနိုင်သည်။ အစိမ်းရောင်နယ်မြေတစ်ခုဖြစ်စေရန် အစိမ်းရောင်စွမ်းအင်ထုတ်လုပ်ခြင်းနည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲကြရမည်ဖြစ်သည်။ နေစွမ်းအင်မှတစ်ဆင့် ဆိုလာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် သဘာဝကပေးသည့် စွမ်းအင်များကို ရယူသုံးစွဲရမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပေသည်။ လူဦးရေနှင့်အတူ လိုအပ်လျက်ရှိ

> **❖ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး ထိန်းသိမ်းစောင့်ရှောက်ရမည်က လူသားအားလုံး၏တာဝန်ဖြစ်ပေသည်။ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်ကို အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်မှုပြဿနာကိုလည်း ဖြေရှင်းသင့်သည်။ စက်မှုနည်းပညာခေတ်တွင် ယာဉ်၊ စက်ပစ္စည်းများ ပိုမိုထုတ်လုပ်ခြင်းသည် မျက်မှောက်ခေတ်၏ လိုအပ်ချက်ဖြည့်ဆည်းခြင်းဖြစ်သော်လည်း ကာဗွန်ထုတ်လွှတ်မှုပမာဏလျှော့ချရေးကိုလည်း ဦးစားပေးစဉ်းစားကြရမည်ဖြစ်သည်။ ❖**

သည့် အခြေခံစားသောက်ကုန်၊ လူသုံးပစ္စည်းအမျိုးမျိုး၊ လောင်စာ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးအစရှိသည်တို့ကို အဆမတန်ထုတ်လုပ်လာကြသည်။ နိုင်ငံ့စီးပွားရေးမှ ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အလေးသာအောင်မြင်မှုရရှိစေရေး သူ့ထက်ငါကြိုးစားလာခြင်းဖြစ်သော်လည်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု သိသိသာသာမြင့်မားလာခဲ့သည်။ သို့ဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းဆုံးအညွှန်းကိန်းတစ်ခုဆီသို့ ဦးတည်သွားနိုင်မည်ဆိုပါက ကမ္ဘာကြီးဘေးကင်းလုံခြုံစေမည်ဖြစ်သည်။ ဆိုးရွားသော အပူလွန်ကဲမှုပြဿနာ၊ အအေးလွန်ကဲမှုပြဿနာများကိုလည်း လျော့ပါးစေနိုင်မည်ဖြစ်သည်။

လူသုံးကုန်ပစ္စည်းအမျိုးမျိုးမှ စွန့်ပစ်ပစ္စည်းများနှင့် စက်ရုံထွက်စွန့်ပစ်အည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကိုဆင်ခြင်သင့်သည်။ နိုင်ငံတစ်ဝန်းလုံး ထင်းအစားထိုးလောင်စာသုံးစွဲခြင်းကို အားပေးကြရပါမည်။ လောင်စာအတွက်ထင်းများ အဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့်အိမ်ဆောက်ပစ္စည်းများအတွက်သစ်ပင်များအလုံးအရင်းခုတ်လှဲခြင်းတို့ကိုထိန်းညှိသင့်သည်။ သစ်တစ်ပင်၏ရှင်သန်မှုကာလအလိုက် အစားထိုးသစ်ပင်စိုက်ပျိုးခြင်းကို တွန်းအားပေးလုပ်ဆောင်ကြရမည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်များမီးရှို့ခြင်း၊ တောမီးရှို့ခြင်း အပြုအမူများကို ကိုယ်စီသတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ထို့အတူ လျှပ်စစ်မီးချွေတာသုံးစွဲခြင်း၊ တန်ဖိုးရှိသောရေကိုချွေတာသုံးစွဲခြင်း၊အမှိုက်များကိုစနစ်တကျစွန့်ပစ်ခြင်း၊ ပလတ်စတစ်အမှိုက်သုံးစွဲမှုလျှော့ချခြင်း၊ တောမီးရှို့ခြင်းမှရှောင်ရှားခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ အလေ့အကျင့်ကောင်းများမွေးမြူကြရမည်။

ပတ်ဝန်းကျင်ကောင်းသည် နေ့စဉ်လူမှုဘဝအတွက် မရှိမဖြစ်လိုအပ်လှသည်။ သဘာဝအလှတရားများသည်ရှုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုဖြစ်စေပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ သို့ဖြစ်ရာ လူနှင့်သက်ရှိသတ္တဝါများ၏ အနာဂတ်ကမ္ဘာလုပရေး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျော့နည်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ မဆုံးရှုံးရေး၊ မြေယာမပျက်စီးရေး၊ သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရေး၊ စိမ်းလန်းသောနေထိုင်မှုပုံစံဖြင့် အသွင်ကူးပြောင်းရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူ့အားလုံးမှ စွမ်းနိုင်သမျှ ပါဝင်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စွမ်းအင်ချွေတာခြင်း၊ သဘာဝပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်းနှင့် အခိုးအငွေ့ထွက်နိုင်သောပစ္စည်းများကို လျှော့ချသုံးစွဲခြင်းများပြုလုပ်ရမည်ဖြစ်သည်။ အချက်ပြ သဘာဝဘေးအန္တရာယ် ခေါင်းလောင်းသံများကို သတိပြုသင်ခန်းစာရယူလျက် သဘာဝပတ်ဝန်းကျင်မပျက်စီးရေး၊ ဥတုရာသီကောင်းမွန်စေရေးအလေးထားဆောင်ရွက်ကြရမည်။ ရာသီဥတုအခြေအနေများစွာကို တားဆီးမရနိုင်ဘဲ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ကို သဘာဝဘေးအတွေ့အကြုံ၊ သင်ခန်းစာများဖြင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ကောင်းမွန်ရေး ထိန်းသိမ်းစောင့်ရှောက်ရမည်က လူသားအားလုံး၏ တာဝန်ဖြစ်ပေသည်။ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်ကို အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆုတ်ယုတ်မှု ပြဿနာကို လည်းဖြေရှင်းသင့်သည်။ စက်မှုနည်းပညာခေတ်တွင် ယာဉ်၊ စက်ပစ္စည်းများ ပိုမိုထုတ်လုပ်ခြင်းသည် မျက်မှောက်ခေတ်၏ လိုအပ်ချက်ဖြည့်ဆည်းခြင်းဖြစ်သော်လည်း ကာဗွန်ထုတ်လွှတ်မှုပမာဏလျှော့ချရေးကိုလည်း ဦးစားပေးစဉ်းစားကြရမည်ဖြစ်သည်။

လူတိုင်း သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့် အမှုအကျင့်ဆိုးများကိုဖယ်ရှားလျက် တန်ဖိုးထားထိန်းသိမ်းစေရေး အသိတရားမှသည် အရှိတရားဖြစ်အောင် လုံ့လပြုကြရပေမည်။ တစ်ဦးချင်းစီ၏ အမြဲစိမ်းလန်းရေး၊ စိတ်ကောင်းစိတ်မြတ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းလမ်းမျိုးစုံ အသုံးပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏အခန်းကဏ္ဍတိုင်းလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အသိအမြင်များတိုးပွားစေရေး တိုက်တွန်းဆောင်ရွက်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်းကြောင့် သဘာဝဘေးများဖြစ်ပေါ်ရသည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။ အမှိုက်စွန့်ပစ်မှု၊ သစ်ပင်မဆင်မခြင်ခုတ်လှဲမှုများ ထိန်းသိမ်းနိုင်မှုဖြင့် သဘာဝပတ်ဝန်းကျင်ကို အလှမပျက်စေရန် တာဝန်ယူနိုင်သည်။ အလားတူ မြေဆီစိုခိုက် သစ်ပင်စိုက်၍လည်း လောကသဘာဝ ပို၍လှအောင် စောင့်ရှောက်ပေးနိုင်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာခဲ့ရသည့်သစ်ပင်များနေရာတွင် ပြန်လည်အစားထိုး စိုက်ပျိုးပေးခြင်းဖြစ်သည်။ အခက်အလက်ဝေဝေဆာဆာ ရှင်သန်လာစေရန်၊ ကမ္ဘာမြေကြီးစိမ်းလန်းစေရန်၊ သစ်တစ်ပင်ကောင်ဌက်တစ်သောင်းနှားခိုနိုင်စေရန်၊ သဘာဝဂေဟစနစ်များကောင်းမွန်စေရန် အစရှိသည့် ရည်ရွယ်ချက်ကောင်းများဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပစိုက်ပျိုးခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် သစ်တောသစ်ပင်များလျော့နည်းလာခြင်းကြောင့် ရာသီဥတုပြောင်းလဲစေသည်။ ပြင်းထန်သောမုန်တိုင်းများ၊ ရေကြီးရေလျှံဖြစ်စဉ်များ နှင့်စံချိန်တင်သော ပူပြင်းခြောက်သွေ့မှုကဲ့သို့ သဘာဝဘေးဆိုးများကိုလည်း ဖိတ်ခေါ်သည်။

အနှစ်ချုပ်အားဖြင့် လူတစ်ဦးချင်းစီသည် ကိုယ်စီအသိရှိသည့်အားလျော်စွာ စိတ်ဓာတ်၊ စည်းကမ်းရှိရှိဖြင့် အနာဂတ်ကိုယ်စီရှိကြသည်။ နိုင်ငံနှင့်နိုင်ငံသားဟူသော အသုံးအနှုန်းသည် သားစဉ်မြေးမြစ်ခေတ်အဆက်ဆက် ပြောင်းလဲသွားသည့်တိုင် အစဉ်တည်ရှိနေမည့် တွဲစပ်မှုဖြစ်သည်။ နိုင်ငံတော်သာယာမှသာ လူမှုစီးပွားဘဝများ စည်ပင်ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ သဘာဝဘေးအန္တရာယ်များသည် လူတို့၏အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနိုင်စွမ်းရှိသဖြင့် နိုင်ငံတော်သာယာရေး အခန်းကဏ္ဍသည် အရေးကြီးလာခဲ့သည်။ သဘာဝဘေးဟူသည် မဖြစ်ပွားမီကာကွယ်တားဆီးရသဖြင့် သဘာဝဘေးကာကွယ်ရေး နည်းလမ်းတစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းကို အလေးထားစိုက်ပျိုးကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်း အလေ့အကျင့်ကောင်းဖြင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက နိုင်ပွဲရယူလာမဲ့ နော်ဝေအသင်း၊ စပိန်အသင်း၊ ပေါ်တူဂီအသင်းတို့ကို အားပေးရမှာပါ

ဒီတစ်ပတ်စနေနေ့ညမှာ အရင်ပုံမှန်ကစားနေကျဥရောပအမှတ်ပေးပွဲစဉ်တွေ ခေတ္တရပ်နားမှာဖြစ်ပြီး နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေဖြစ်တဲ့ ၂၀၂۶ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်း ၄၈ သင်းထိ ပါဝင်ယှဉ်ပြိုင်ကစားကြမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရောပအသင်း ၁۶ သင်း၊ အာဖရိကအသင်းကိုးသင်း၊ အာရှဧနှစ်အသင်းရှစ်သင်း၊ တောင်အမေရိကနှင့် ကွန်ကာကပ်ဇုန်တို့က ခြောက်သင်းစီ၊ သမုဒ္ဒရာပိုင်းဧနှစ်အသင်း တစ်သင်းပါဝင်ပြီး ကျန်နှစ်နေရာကို ရှုံးထွက်အဆင့်တွင် အနိုင်ရရှိမဲ့ နှစ်သင်းက ဝင်ရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန်ထိ ယှဉ်ပြိုင်ကစားခဲ့ပြီးတဲ့ ပွဲစဉ်တွေထဲက အုပ်စုပွဲစဉ်များမပြီးဆုံးမီ အိမ်ရှင်အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကို အသင်းတို့အပြင် လက်ရှိချန်ပီယံ အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ပါရာဂွေး၊ ဥရုဂွေး၊ နယူးဇီလန်၊ မော်ရိုကို၊ ဩစတြေးလျ၊ အီရန်၊ ဂျပန်၊ ကျော်ဒန်၊ တောင်ကိုရီးယားနှင့် ဥဇဘတ်ကစ္စတန်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ကြပြီဖြစ်ပါတယ်။

နော်ဝေအသင်း ရလဒ်ကောင်းမှာပါ

နော်ဝေအသင်းဟာ ခြေစစ်ပွဲစဉ်(၇)အဖြစ် ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး လက်ရှိအုပ်စုရပ်တည်မှုအနေနဲ့ ပွဲစဉ်ငါးပွဲစလုံးအနိုင်ကစားထားပြီး ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ကျန်သုံးပွဲမှာ နှစ်ပွဲအနိုင်ရရုံနဲ့ ခြေစစ်ပွဲစဉ်အောင်မြင်နိုင်တာကြောင့် အခုပွဲစဉ်မှာ အကောင်းဆုံးယှဉ်ပြိုင်ကစားလာမှာပါ။ နော်ဝေအသင်းရဲ့ အုပ်စုမှာဆိုရင် နာမည်ကြီးအီတလီက ရမှတ်ကိုးမှတ်နဲ့ အဆင့်(၂)နေရာ၊ အစ္စရေးအသင်းက ရမှတ်ကိုးမှတ်၊ ဂိုးကွာခြားချက်နဲ့ အဆင့်(၃)နေရာ အသီးသီးကစားနိုင်ကြပါတယ်။ ပြိုင်ပွဲစုံနောက်ဆုံးရှစ်ပွဲဆက် အနိုင်ရထားတဲ့ နော်ဝေအသင်းအနေနဲ့ လက်ရှိတိုက်စစ်ပိုင်းက အကောင်းဆုံး ပုံစံမှာရှိနေပြီး နည်းပြဆိုဘာ့ကန်အနေနဲ့လဲ အသင်းလိုက်စုဖွဲ့မှုနဲ့လူရွေးချယ်မှုအပိုင်း အကောင်းဆုံးလုပ်ဆောင်ထားနိုင်တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ခြေစစ်ပွဲစဉ်မှာဆိုရင် အုပ်စုတွင်းအားအနည်းဆုံးအသင်းဖြစ်တဲ့ မော်ဒိုဗာအသင်းကို အဘက်ဘက်က ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုး ၁၁ ဂိုးထိသွင်းယူထားနိုင်ခဲ့ပါတယ်။ ဒုတိယ အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်တွေမှာ ဆိုရင်လဲ အီတလီအသင်းကို သုံးဂိုးပြတ်၊ အစ္စရေးအသင်းကို လေးဂိုး နှစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ဟာ လာမဲ့ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အထိုက်တန်ဆုံး ခြေစွမ်းမျိုးလို့တောင်ဆိုရမှာပါ။

အုပ်စုအဆင့်(၃)နေရာမှာ ရပ်တည်နေတဲ့ အစ္စရေးအသင်းကတော့ ပွဲစဉ်ငါးပွဲကစားပြီးချိန်မှာ သုံးပွဲနိုင် နှစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ခြေစစ်ပွဲစဉ်မှာ အီတလီအသင်းကို ခြေရည်တူကစားနိုင်ခဲ့ပေမဲ့ ပွဲပြီးဆုံးခါနီး ခွင့်ပြုပေးလိုက်ရတဲ့ဂိုးတွေကြောင့် လေးဂိုး ငါးဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ ဒုတိယ နောက်ဆုံးသုံးပွဲမှာဆိုရင်လဲ အက်စ်တိုးနီးယား၊ လိုဗက်ကီးယား၊ မော်ဒိုဗာအသင်းတို့ကို အနိုင်ရထားပေမဲ့ လက်ရှိခံစစ်ပိုင်းကတော့ တည်ငြိမ်မှုမရှိတာကြောင့် တိုက်စစ်ပိုင်းကောင်းမွန်တဲ့နော်ဝေအသင်းကို ဂိုးပေးရနိုင်ခြေရှိနေပါတယ်။ ဒါပေမဲ့ အဆင့်(၂)နေရာက အီတလီအသင်းနဲ့အတူ ရမှတ်တူ ဂိုးကွာခြားချက်ရှိနေတာကြောင့် သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်နိုင်ဖို့တော့ အကောင်းဆုံးပြင်ဆင်ကစားလာမှာပါ။ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုမှာ ကမ္ဘာ့အဆင့် ၃၁ နော်ဝေအသင်းက လက်ရှိခြေစွမ်းပိုင်းနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းမှာ အစ္စရေးအသင်းထက် အဘက်ဘက်က သာလွန်နေတာကြောင့် နော်ဝေအသင်းပဲ ရလဒ်ကောင်းမှာပါ။

နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အစ္စရေး	၂	-	၄	နော်ဝေ
နော်ဝေ	၃	-	၀	အီတလီ
အက်စ်တိုးနီးယား	၀	-	၁	နော်ဝေ
နော်ဝေ	၁	-	၀	ဖင်လန်
နော်ဝေ	၁၁	-	၁	မော်ဒိုဗာ

အစ္စရေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အစ္စရေး	၂	-	၄	နော်ဝေ
အက်စ်တိုးနီးယား	၁	-	၃	အစ္စရေး
အစ္စရေး	၁	-	၀	ဆလိုဗက်ကီးယား
မော်ဒိုဗာ	၀	-	၄	အစ္စရေး
အစ္စရေး	၄	-	၃	အီတလီ

စပိန်အသင်းကိုပဲ အားပေးရမှာပါ

ကမ္ဘာ့အဆင့်(၁)စပိန်အသင်းနဲ့ ကမ္ဘာ့အဆင့်(۶၈)ဂျော်ဂျီယာအသင်းတို့ဟာ ခြေစစ်ပွဲအုပ်စုပွဲစဉ်(၃)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နေးရှင်းလိုဂ် ဗိုလ်လုပွဲစဉ်မှာ ပေါ်တူဂီအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့ရတဲ့ စပိန်အသင်းအနေနဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာတော့ ဘူဂေးရီးယားအသင်းကို သုံးဂိုးပြတ်၊ တူကီယဲအသင်းကို ခြောက်ဂိုးပြတ်နဲ့ နှစ်ပွဲဆက်အနိုင်ရထားပြီး အကောင်းဆုံးစွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။ နည်းပြ လူအစ်ဒီလာဖူအန်တီအနေနဲ့ဘာစီလိုနာ အသင်းကစားသမား ယာမဲလ်ကို ဒဏ်ရာကြောင့် မရွေးချယ်နိုင်ခဲ့သလို မန်စီးတီးအသင်းကွင်းလယ်ကစားသမားရိုဒရိအနေနဲ့လဲ ဒဏ်ရာကြောင့် အခုပွဲစဉ်မှာ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ လက်ရှိကစားသမားစုဖွဲ့မှုနဲ့တိုက်စစ်ပိုင်းမှာ ဂျော်ဂျီယာအသင်းကို အသာရနေတာကြောင့် နိုင်ပွဲရဖို့က ခက်ခဲမှုမရှိနိုင်ပါဘူး။ ဒုတိယ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တိုက်စစ်ပိုင်းက ၁၉ ဂိုးထိသွင်းယူထားနိုင်ခဲ့တာကြောင့် ခံစစ်ပိုင်းတည်ငြိမ်မှုမရှိတဲ့ ဂျော်ဂျီယာအသင်းအနေနဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲအုံးမှာပါ။

ဂျော်ဂျီယာအသင်းကလဲ အုပ်စုပွဲစဉ် နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးပွဲစဉ်မှာ ဘူဂေးလ်ရီးယားအသင်းကို သုံးဂိုးပြတ်အနိုင်ကစားထားပြီး တူကီယဲအသင်းကိုတော့ နှစ်ဂိုး သုံးဂိုးနဲ့ ရှုံးနိမ့်ထားတာပါ။ အုပ်စုတွင်းလေးသင်းမှာ စပိန်၊ တူကီယဲတို့ပြီးရင် ဂျော်ဂျီယာအသင်းအနေနဲ့ တတိယအကောင်းဆုံးအသင်းဖြစ်နေပေမဲ့ လက်ရှိခြေစွမ်းပိုင်းမှာတော့ စပိန်အသင်းကို အနိုင်ရယူစွမ်းရှိတဲ့ပုံစံမှာ ရှိမနေပါဘူး။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ထားပေမဲ့ လက်ရှိခံစစ်ပိုင်းကတော့ တိုက်စစ်ပိုင်းမာကျောမှုရှိတဲ့ အသင်းနဲ့ဆုံရင် ကျဆင်းသွားတတ်တာကို ပြီးခဲ့တဲ့ တူကီယဲအသင်းနဲ့ ပွဲစဉ်မှာ တွေ့ခဲ့ရပါတယ်။ ဒုတိယ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ စပိန်အသင်းက အဘက်ဘက်က အသာစီးရယူကစားထားပြီး ဂိုးပြတ်တွေနဲ့သာ အနိုင်ရထားပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းတွေအရ စပိန်အသင်းကိုပဲ အားပေးရမှာပါ။

စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

စပိန်	၃	-	၃	နယ်သာလန်
စပိန်	၅	-	၄	ပြင်သစ်
ပေါ်တူဂီ	၂	-	၂	စပိန်
ဘူဂေးလ်ရီးယား	၀	-	၃	စပိန်
တူကီယဲ	၀	-	۶	စပိန်

ဂျော်ဂျီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဂျော်ဂျီယာ	۶	-	၁	အယ်မေးနီးယား
ဂျော်ဂျီယာ	၁	-	၀	ဖာရိုးကျွန်းစု
ဂျော်ဂျီယာ	၁	-	၁	ကိတ်ဗာဒီ
ဂျော်ဂျီယာ	၂	-	၃	တူကီယဲ
ဂျော်ဂျီယာ	၃	-	၀	ဘူဂေးလ်ရီးယား

ပေါ်တူဂီအသင်း အနိုင်ရသွားမှာပါ

ပေါ်တူဂီနဲ့ အိုင်ယာလန်အသင်းတို့ရဲ့ပွဲစဉ်ဟာ ခြေစစ်ပွဲစဉ်(၃)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ပေါ်တူဂီအသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းရဲ့အုပ်စုမှာဆိုရင် အာမေးနီးယား၊ ဟန်ဂေရီနဲ့ အိုင်ယာလန်အသင်းတို့သာ ပါဝင်နေတာကြောင့် ပေါ်တူဂီအသင်းအတွက် ခြေစစ်ပွဲအောင်မြင်နိုင်ဖို့ အကောင်းဆုံးအနေအထားမှာရှိနေပါတယ်။ ဒုတိယ သူတို့အသင်းမှာ အသက် ၄၀ အရွယ်မှာရှိနေတဲ့ အသင်းခေါင်းဆောင် စီရော်နယ်ဒိုအနေနဲ့လဲ အသင်းကို အကောင်းဆုံးဦးဆောင်ထားနိုင်တာကြောင့် အကောင်းဆုံးစွမ်းဆောင်ထားနိုင်သလိုပြီးခဲ့တဲ့နေးရှင်းလိုဂ် ဗိုလ်လုပွဲမှာ စပိန်လိုအသင်းကို အနိုင်ယူခဲ့ပြီး ဒုတိယအကြိမ်မြောက် ချန်ပီယံဖြစ်ခဲ့တာပါ။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲမှာလဲ အာမေးနီးယားအသင်းကို ငါးဂိုးပြတ်၊ ဟန်ဂေရီအသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ အနိုင်ရယူထားနိုင်ခဲ့တာကြောင့် အခုလို အိုင်ယာလန်အသင်းနဲ့ပွဲစဉ်မှာလဲ အဘက်ဘက်က ဖိအားပေးကစားလာနိုင်မှာပါ။

ကမ္ဘာ့အဆင့်(۶၁)ရှိတဲ့ အိုင်ယာလန်အသင်းအနေနဲ့ ပွဲစဉ်နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရရှိသေးဘဲ တစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ ဟန်ဂေရီအသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုးစီသရေ၊ အာမေးနီးယားအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့သလို ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတာကို ကြည့်ရင် ကစားသမားစုဖွဲ့မှုနဲ့ စွမ်းဆောင်ရည်ပိုင်းကျဆင်းလာတာကို တွေ့ရပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အာမေးနီးယားအသင်းနဲ့ပွဲစဉ်မှာဆိုရင် ခြေစွမ်းပိုင်းနဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဘက်ဘက်က အသာရနေတဲ့ အိုင်ယာလန်အသင်းအနေနဲ့ ပွဲစဉ်တစ်ပွဲလုံး ဂိုးပေါက်ခြိမ်းခြောက်မှုရှစ်ကြိမ်သာရှိခဲ့ပြီး အာမေးနီးယားအသင်းရဲ့ ဖိအားပေးမှုကိုတောင် အပြင်းအထန်ကာကွယ်ခဲ့ရတာပါ။ ဒါကြောင့် သူတို့အသင်းအနေနဲ့ အခုပွဲစဉ်မှာ စီရော်နယ်ဒိုဦးဆောင်လာမဲ့ ပေါ်တူဂီအသင်းရဲ့ တိုက်စစ်ပိုင်းကိုလဲ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ အသာရနေတဲ့ ပေါ်တူဂီအသင်းပဲ အနိုင်ရသွားမှာပါ။

ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ပေါ်တူဂီ	၅	-	၂	ဒိန်းမတ်
ဂျာမနီ	၁	-	၂	ပေါ်တူဂီ
ပေါ်တူဂီ	၂	-	၂	စပိန်
အာမေးနီးယား	၀	-	၅	ပေါ်တူဂီ
ဟန်ဂေရီ	၂	-	၃	ပေါ်တူဂီ

အိုင်ယာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အိုင်ယာလန်	၂	-	၁	ဘူဂေးလ်ရီးယား
အိုင်ယာလန်	၁	-	၁	ဆီနီဂေါ
လူဇင်ဘတ်	၀	-	၀	အိုင်ယာလန်
အိုင်ယာလန်	၂	-	၂	ဟန်ဂေရီ
အာမေးနီးယား	၂	-	၁	အိုင်ယာလန်

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ ရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြီးအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နှားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာ ဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဏ္ဍိတဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြုံ၊ ဆင်နစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၅ ၂၃ ၂၃
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

ဓရှဖီဦး BLACK TEA (ဓနာဝ်တရား)ကို Export Quality အဆင့်မီမှာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

သဘာဝအစစ်မို့ အရသာထူး ဖိတ်ခေါ်ကြည်နူး....

(ASEAN-OSHNET AWARD) ဆု၏
BEST Practices Award ရရှိသည့် ဌာနပီး

ရှမ်ဖီး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မဝံလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

(၂၃) ကြိမ်မြောက် ထီပွင့်ပွဲတွင် Jackpot ဆုကြီး
ကျပ်သိန်း (၁,၀၀၀) အတွက် ကံထူးရှင် ပေါ်ပေါက်လာပါသဖြင့်
နောက်တစ်ကြိမ်ပွင့်လှစ်မည့် (၂၄) ကြိမ်မြောက်ထီပွင့်ပွဲတွင်
Jackpot ဆုကြီးထီဆုငွေ

သိန်း (၅,000)

ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

Call Center 777 (or) 09 677 000 777

SCAN ME

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေးအွန်လိုင်းထီ ဝယ်ယူကစားနိုင်ပါပြီ။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ ဦးသန့်ဇင်ထွန်း+ဒေါ်တင်ထွေးလှိုင်တို့၏ သား မောင်ငြိမ်းဝေဠု (၉/ခအဇ(နိုင်)၀၄၅၃၃၇၉)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန့်ဇင်ထွန်း (၉/မရမ(နိုင်)၀၈၃၀၅၈)
ဒေါ်တင်ထွေးလှိုင် (၉/မရမ(နိုင်)၀၈၄၁၆၂)

ပျောက်ဆုံးကြောင်း

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဟေမမာလာ(တောင်)နေ ရင်စု (ဘ) ဦးရန်ရှောက်ကိုင် (၁၃/မရတ (ပြု) ၀၀၀၀၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF. 949437) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၅၀၄၆၃၃၀၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သပြေတောင်အုပ်စု ကံကွေ့ရွာနေ ဦးဝင်းကြိုင်+ဒေါ်ရီရီမေတို့၏ သမီး မနဒီပွင့်ဦး (၉/မသန(နိုင်)၂၀၉၁၇၃)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဝင်းကြိုင် (၉/မသန(နိုင်)၁၀၈၃၆၅)
ဒေါ်ရီရီမေ (၉/မသန(နိုင်)၁၃၅၁၁၂)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

အမည်မှန်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်သော်ဇင်ထက်၏ ဖခင်အမည် မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရန်ဝိန်ခမ်း ဖြစ်ပါသည်။

ဦးရန်ဝိန်ခမ်း (၁၃/တယန(နိုင်)၀၂၆၃၄၂)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၃ လမ်း၊ ၁၀၄-၁၀၅ လမ်းကြား အိမ်အမှတ်(ဏ-၃/၆၀)မြို့သစ်(၁)နေ ဦးခင်မောင်ဝေ+ဒေါ်ပွင့်ဖြူ၀င်း၏ သမီး မအိမ့်ပြည့်စုံမှူး(ခ)မအိဇောဖြူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မအိမ့်ပြည့်စုံမှူး(ခ)မအိဇောဖြူ (၉/ခမစ(နိုင်)၁၀၇၅၈၃)

ဗလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

- ❖ မိမိတို့၏မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့်အစီအမံများချမှတ်နိုင်ရန်လို...
- ❖ စီးပွားရေးအရ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်...
- ❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ် (New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများလုပ်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ်၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ပြည်တွင်းနှင့် ပြည်ပရှိ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ၃၀ - ၉ - ၂၀၂၅ ရက်မှ ၁၃ - ၁၀ - ၂၀၂၅ ရက်ထိ ၁၄ ရက်ကြာ ကပ်ထားကြေညာလျက်ရှိပါသည်။

၂။ မဲစာရင်းများပြည့်စုံမှန်ကန်စေရန်နှင့်မဲဆန္ဒရှင်များက လိုအပ်သည့် တောင်းဆိုလွှာကန့်ကွက်လွှာ၊ပြင်ဆင်လွှာများတင်ပြရာတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ ❑

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ပွားတော်များ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွဝင်တော်မူသည့် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ သာလေးကျေးရွာ အုပ်စု နမ့်ဟူးကျေးရွာ ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ရုပ်ပွားတော်များ ၂၁ ဌာနသို့ လှည့်လည်အပူဇော်ခံပြီး ရတနာစံကျောင်းတော်သို့ပြန်လည်ကြွဝင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ ညောင်ရွှေမြို့နယ် မိုင်းသောက်ပထမဝရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက မိုင်းသောက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး

စာမျက်နှာ ၂၃ ကော်လံ ၁ ❍

အင်းလေးဖောင်တော်ဦး
မြတ်စွာဘုရား ရုပ်ပွားတော်များ
ရတနာစံကျောင်းတော်သို့
ပြန်လည်ကြွဝင်တော်မူသည့်
အခမ်းအနား ကျင်းပစဉ်။

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၂၁

ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ကျောင်းအပ်ဆက်လက်လက်ခံ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ယာယီဆေးရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၂

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။